www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



**ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး**
**တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး**
**အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး**

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများအား ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# လက်မည်းကြီး

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၈၁၀၈၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၅၀၅၅၉၁၀၀၁

**စီစဉ်သူ**

စန္ဒီ

**ထုတ်ဝေသူ**

ဦးကျော်ဆန်း (ရဲအောင်စာပေ)

အမှတ် (၂)၊ ချွန်း (၁)လမ်း၊ မင်္ဂလာတောင်ညွန့်၊

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)

၁၇၁၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်။

**ထုတ်ဝေခြင်း**

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၂၀၀) ကျပ်

၈၉၅. ၈၃

ပုဏ္ဏက

လက်မည်းကြီး/ပုဏ္ဏက။ - ရန်ကုန်၊

ရဲအောင်စာပေ၊ ၂၀၁၀ ။

၁၂၀ - စာ ၊ ၁၃. ၂၁ x ၂၀. ၈၃ စင်တီ။

(၁) လက်မည်းကြီး



# နိဒါန်း



www.burmeseclassic.com

www.burmeseclassic.com



## အဖြူရောင်မိန်းကလေးနှင့်တွေ့ဆုံခြင်း

"မပြေးနဲ့. မပြေးနဲ့."

ထွက်ပေါ်လာတဲ့အသံသည် ပတ်ဝန်းကျင်ကို ကျယ်လောင်စွာ လွှမ်းမိုးနေသည်။ သူရိန်ထွန်းသည် ခေါ်နေတဲ့အသံကို ဂရုမစိုက်နိုင်၊ ရှေ့ကိုသာ ပြေးနေသည်။

သူရိန်ထွန်းရဲ့အနောက်တွင် အလွန်လှပတဲ့မိန်းကလေး လိုက်ပါလာသည်။

မိန်းကလေးသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

သူရိန်ထွန်းသည် မိန်းကလေးကို ကြောက်လန့်၍ ပြေးနေသည်။

သူမသည် လူသားတစ်ယောက်မဟုတ်ဟု ထင်မှတ်ပြီး ထိုသို့ပြေးနေရခြင်းဖြစ်သည်။

အဖြူရောင်မိန်းကလေးသည် အနောက်ကနေလိုက်ရင်း သူရိန်ထွန်းကို ခေါ်နေသည်။

သူရိန်ထွန်းသည် ရွာအပြင်သုံးမိုင်အကွာရှိ တောအတွင်းမှာ ထင်းကြောင်ထောင်ပြီး ပြန်လာသည်။

လမ်းတွင် အမည်မသိမိန်းကလေးနှင့် တွေ့သည်။ မိန်းကလေးသည်



www.burmeseclassic.com

www.burmeseclassic.com


နေစရာမရှိ၍ အကူအညီတောင်းသည်။

သူရိန်ထွန်းက မိန်းကလေးရဲ့ အကူအညီတောင်းတာကို လက်မခံ၊ ထွက်ပြေးနေသည်။

"ဟာ. . . ဘယ်လိုဖြစ်တာပါလိမ့်"

တွေ့လိုက်ရတဲ့မြင်ကွင်းကို အလွန်အံ့ဩကုန်ကြသည်။

မြင်ကွင်းထဲတွင် ခွေးအနက်ကြီးငါးကောင်ကို တွေ့လိုက်ရသည်။

ခွေးအနက်များသည် ဝါးမလိုဟန်နှင့်ကြည့်နေသည်။ စောစောက လိုက်နေသောမိန်းကလေးသည် မည်သည့်နေရာတွင် ရောက်ရှိပျောက်ကွယ်သွားမှန်းမသိ၊

မိန်းကလေးသည် ခွေးဟန်ဆောင်လိုက်တာလား။

သို့မဟုတ်

မိန်းကလေးရဲ့ခွေးတွေလား၊ အဖြေထုတ်မရတဲ့ ပုစ္ဆာများကို ရင်ဆိုင်နေရသည်။

သူရိန်ထွန်းသည် ရောက်ရှိနေတဲ့နေရာမှာရပ်၍ ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေသည်။

ကယ်မည့်သူကို တမ်းတနေသည်။

ပျောက်သွားတဲ့မိန်းကလေး လာရောက်ကူညီရင် အလွန်ကောင်းမွန်မည်ဟု ထင်မှတ်နေသည်။

"ကိုသူရိန်ထွန်း ဘာလုပ်နေတာလဲ။ သူတို့က ရှင့်ကိုစားသောက်ဖို့စောင့်နေတာ၊ ရှင်ပြေးနိုင်မှ လွတ်မှာနော်"

"ကျုပ်ဘယ်ကို ပြေးရမှာလဲ၊ ကျုပ်ကို အကြံပေးပါအုံး"

"ဘာလုပ်ရမှာလဲ၊ ရှင့်ရှေ့ရှေ့တည့်တည့်ကိုပြေး၊ ကျွန်မ ဒီခွေးတွေကိုတားပေးထားမယ်။ မြန်မြန်သာပြေးပေတော့"

ထိုသို့ပြောပြီးနောက် မိန်းကလေးသည် ခွေးနက်များကို အချက်ပေးလိုက်သည်။

ခွေးငါးကောင်အနက် သုံးကောင်သည် မိန်းကလေးကို အန္တရာယ်ပြုရန်အပြေးလိုက်နေသည်။ ကျန်တဲ့ခွေးနှစ်ကောင်က သူရိန်ထွန်းရဲ့အနောက်ကိုလိုက်နေသည်။

သူရိန်ထွန်းသည် ထိတ်လန့်စိတ်များနှင့် ခြေဦးတည့်ရာကို ပြေးနေသည်။ ၎င်းသည် ပြေးရင်းနှင့် တောင်ထိပ်တစ်ခုပေါ်ကို ရောက်ရှိနေသည်။

"ဟာ"

"အမလေး"

"အား. . ."

ကျယ်လောင်စွာ ထွက်ပေါ်လာတဲ့အသံနှင့်အတူ သူရိန်ထွန်းသည် တောင်အောက်ကို အရှိန်ပြင်းစွာ လိမ့်ကျသွားသည်။

၎င်းသည် သစ်ပင်ပေါင်းများစွာ ဖြတ်ဝင်တိုက်ခိုက်မိခြင်းကြောင့် ကမ္ဘာလောကကြီးနှင့် အဆက်အသွယ်ပြတ်သွားသည်။

♣♣♣



www.burmeseclassic.com

www.burmeseclassic.com

"ရေ. . . ရေ ရေပေးပါ"

"ဟာ. . . သူရိန်သတိရလာပြီ၊ သူရိန်သတိရလာပြီ"

ထွက်ပေါ်လာတဲ့အသံကြောင့် အားလုံးပျော်ရွှင်ဝမ်းသာသွားကြသည်။

သူရိန်သည် သတိလစ်နေသည်မှာ ၃ရက်ရှိပြီ။

၎င်းကိစ္စကြောင့် ဆရာတော်မှာ အလွန်ပင်ပန်းနေသည်။ သတိပြန်ရရန် အစွမ်းကုန်ကြိုးစားသည်။

သူရိန်၏အနားတွင် ရွာသူရွာသားများရှိနေကြသည်။

တကယ်တော့ သူရိန်ထွန်းသည် မိဘများမရှိတော့။ ဆရာတော်က မွေးစားထားရသည်။

လိမ္မာမှုရှိတဲ့သူရိန်ကို ရွာသားများက ခင်မင်ကြသည်။

ယခုလိုဖြစ်တော့ ရွာသားများက နေ့ညမပြတ်ရှိနေကြသည်။ ဆရာတော်ကလည်း စီမံမှုများပြုလုပ်ထားသည်။ ယခုသတိပြန်ရလာတော့ ဆရာတော်ထံ လျှောက်ထားသူတွေရှိသည်။

သူရိန်ကို ရေတိုက်လိုက်သည်။

၎င်းသည် ပေးလာတဲ့ရေကို အငမ်းမရသောက်နေသည်။

"ဖြေးကောင် မြင့်လွင်၊ သတိထားပြီးတိုက်၊ ရေသီးသွားနိုင်တယ်"





"စိတ်ချပါ အစ်ကိုသန်းဌေ"

"ဆရာတော့်အတွက် နေရာပြင်ဆင်ထားကြတော့"

ရွာသားများသည် ရိုသေကြည်ညိုတဲ့အနေဖြင့် နေရာကိုအဆင်သင့်ပြင်ဆင်ထားသည်။

ဘာပဲဖြစ်ဖြစ် သူရိန်ထွန်းသတိရလာတော့ အလွန်ဝမ်းသာကုန်ကြသည်။ ဆရာတော်သည် သူရိန်ထွန်းအတွက် စိတ်မသက်မသာဖြစ်နေခဲ့သည်။

"ဆရာတော်ကြွလာပြီ"

ထွက်ပေါ်လာတဲ့အသံကြောင့် အားလုံးနေရာဖယ်ပေးလိုက်သည်။ ဆရာတော်သည် လမ်းမအတိုင်း နေရာကို ဦးတည်လာသည်။

ဆရာတော်သည် သူရိန်ထွန်းနှင့်မလှမ်းမကမ်းတွင် ထိုင်လိုက်သည်။

"ဒကာလေးကို ဘာလုပ်ထားလဲ"

"ခုနက ရေတောင်းလို့ ရေတိုက်ထားပါတယ်ဘုရား"

"အေး. . . အေး ကောင်းတယ်၊ ဒကာလေး သတိရလာပြီလားကွဲ့"

"မှန်ပါ့ သတိရလာပါပြီဘုရား"

"အေး. . . အေး အကောင်းတာပေါ့ကွယ်၊ ဒကာလေးရဲ့အဖြစ်က အသက်မသေကောင်း မပျောက်ကောင်းပဲကွယ်၊ ပြစမ်း လက်ကို"

ဆရာတော်သည် သူရိန်ထွန်းရဲ့လက်ကို အသာစမ်းသပ်နေသည်။ ဆရာတော်သည် လူတစ်ယောက်ရဲ့လက်ကို စမ်းသပ်ရင်း ရောဂါရှိမရှိဆိုတာ သိနေသည်။

ဆရာတော်သည် သူရိန်ထွန်းရဲ့လက်ကို စမ်းသပ်ပြီးနောက်

"ရောဂါတော့ မရှိပါဘူး၊ ဒါနဲ့ဘယ်လိုဖြစ်တာလဲ"

"တပည့်တော် တောကြောင်ကိုထောင်ပြီး ပြန်လာတာ၊ မြစိမ်းတောင်အနားကိုရောက်တော့ အလွန်ချောမောတဲ့မိန်းကလေးနဲ့ တွေ့ပါတယ်ဘုရား"


www.burmeseclassic.com

www.burmeseclassic.com


သူရိန်ထွန်းသည် မြစိမ်းတောင်မှာ တွေ့ခဲ့ရတဲ့ဖြစ်ရပ်များကို တစ်ဝ
စေ့နှံ ပြန်ပြောပြလိုက်သည်။

ထိုစကားကိုကြားလိုက်ရတဲ့အချိန်မှာ ဆရာတော်အပါအဝ
ရွာသားများ အလွန်အံ့သြတုန်လှုပ်ကြသည်။

သူရိန်ထွန်းရဲ့အဖြစ်ကို ဆရာတော်က ဘယ်လိုမှတ်ချက်ပေးမလဲ
တာ သိချင်နေကြသည်။

ဆရာတော်က ဘယ်လိုပြစ်ဒဏ်ပေးမလဲဆိုတာကိုလည်း သိချင်နေ
သည်။ ၎င်းအချိန်တွင် ဆရာတော်က ခေါင်းတဆတ်ဆတ်ညိမ့်ပြီး နားထော
နေသည်။

"အေး. . . အေး ဒါလည်း ဗဟုသုတတစ်ခုရလိုက်တာပေါ့။ ဒါနဲ့ မ
ဆိုင်းသွားပြီး လေ့ကျင့်နေတယ်ဆိုတာ မဟုတ်ဘူးပေါ့"

"ဆိုင်းထွက်သွားလို့ အခုလိုလုပ်မိတာပါဘုရား"

"မင်းဆိုင်းကို ဝါသနာပါတယ်ဆိုတာ ဟုတ်ရဲ့လား"

"ပါပါတယ်ဘုရား။ သူတို့က အလုပ်မရှိမှ လေ့ကျင့်ခွင့်ပေးတာပါဘုရား"

"အေး. . . အေး ဒီလိုထားလို့မရဘူး။ တစ်ခုခုတော့ စီစဉ်ပေးရမ
ဟေ့၊ မောင်သောင်း ဆိုင်းဆရာဘယ်နေ့ပြန်လာမလဲ"

"အခုညနေပြန်လာမှာပါဘုရား"

"အေး ပြန်လာရင် ငါခေါ်တယ်ပြောပြီး ကျောင်းကိုလွှတ်လို
ကြားလား"

"ကြားပါတယ် ဘုရား"

ဆရာတော်သည် သူရိန်ထွန်းအတွက် အကြံတစ်ခုရလိုက်သည်။ ၎င်း
နောင်ရေးကို ဆရာတော်က စဉ်းစားနေပေတော့၏။

♣♣♣



## စီရင်ချက်

ဖော်ပြပါအကြောင်းအရာလေးသည် လူတစ်ယောက်ရဲ့ အတွင်းစိတ်ကို ညွှန်ပြနေသည်။ ကမ္ဘာလောကတွင် စိတ်သည်အလွန်အရေးကြီးသည်။ ဘာမဆို ဖြစ်နိုင်တာ စိတ်ဟု လူပြောများသည်။ စိတ်သည် တစ်မိနစ်အတွင်းမှာ ကမ္ဘာလောကကြီးကို ကြိုက်သလိုဖန်တီးနိုင်သည်။

ယခုတင်ပြမည့် ဖြစ်ရပ်သည် အလွန်ဝါသနာပါသူတစ်ယောက်ရဲ့ အကြောင်းကို အခြေခံထားသည်။ ၎င်းရဲ့နာမည်မှာ အထက်တွင်ဖော်ပြခဲ့တဲ့ ကိုသူရိန်ထွန်းရဲ့ ဖြစ်ရပ်ဖြစ်သည်။

သူရိန်ထွန်းသည် ငယ်စဉ်က စိတ်ကူးစိတ်သန်းအလွန်ကောင်းတဲ့သူ တစ်ယောက်ဖြစ်သည်။

၎င်းရဲ့စိတ်ကူးစိတ်သန်းတွေက ငြင်းပယ်ရန်အလွန်ခက်ခဲသည်။ သူရိန်ထွန်းကို အပြောကောင်းသူတစ်ယောက်ဟု သတ်မှတ်သည်။ ထို့အတူ သူရိန်ထွန်းသည် အလွန်စာဖတ်ဝါသနာပါသည်။ စာမှန်သမျှ အကုန်ဖတ်သည်။

သူရိန်ထွန်းကို စာတိုသူရိန်ဟု တင်စားခေါ်ကြသည်။ စာတိုဆိုတဲ့ ပညာရှိအမတ်ကြီးကို ဂုဏ်ပြုတဲ့အနေနှင့် ခေါ်ခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

ထို့အတူ သူရိန်ထွန်းမှာ အလွန်ဝါသနာပါတဲ့ အလုပ်တစ်ခုရှိသည်။ အချိန်ပြည့် ထိုအလုပ်ကိုပြောလေ့ရှိသည်။ အားလုံးက မဖြစ်နိုင်ဘူး အရူးထသည်ဟု ပြောကြသည်။

စာရှုသူအပေါင်းတို့ ကျွန်ုပ်ရဲ့သူငယ်ချင်းသူရိန်ထွန်းရဲ့ အရူးထတဲ့ စိတ်ကူးဖြစ်ရပ်လေးကို ဆက်လက်ရှုစားကြပါအုံးလို့ တိုက်တွန်းလိုက်ရပေတော့သည်။

♣♣♣





## အခန်း – (၁)

ကောင်းကင်တစ်ခွင်လုံး မိုးသားတိမ်လိပ်များ တရွေ့ရွေ့နှင့်ပြေးလွှား နေသည်။ ရှုစ်ခွင်တစ်ခုလုံး အုံ့မှိုင်းနေသည်။

အနောက်မြောက်အရပ်က မိုးသက်လေပြင်းနှင့်အတူ မိုးရည်စက်များ အဆက်မပြတ်ကျဆင်းနေသည်။

နေဝင်စအချိန် မိုးအမှောင်ထုများက စတင်နေသည်။

"မှောင်နောင် . . . မှောင်နောင် . . . မှောင်နောင်"

သူရိန်ထွန်းသည် ကြေးမောင်းဝိုင်းကြီးအတွင်းဝင်ပြီး ရွှေကျေးတစ တေးသွားကို စမ်းသပ်တီးခတ်နေသည်။ တိတ်ဆိတ်တဲ့ပတ်ဝန်းကျင်ဝယ် ကြေးမောင်းသံလွင်လွင်လေးက အေးချမ်းစွာ ထွက်ပေါ်လာနေသည်။

ထို့အတူ ပတ်မကြီးရှိရာကို ဝင်ရောက်ပြီး အဆက်မပြတ် တီးနေသည်။

"ဗေဗုံ . . . ဗေဗုံထီ . . . ဗေဗုံဗေဗုံထီ"

ဗုံထီ . . . ဗုံထီ"

"ဗေဗုံ . . . ဗေဗုံ"

"ထီ . . . ထီ"


www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုင်းကျတီးရင်း ကျေနပ်စွာပြုံးရွှင်နေသည်။

"ငါလိုလူ ကမ္ဘာမှာရှိပါအုံးမလား"

ထိုသို့ပြောလိုက်သည်။

သူရိန်သည် ဆိုင်းကိုသာတီးနေရရင် ဘယ်အရာကိုမှ သတိမရ၊ အားလုံးကို မေ့နေသည်။

တကယ်တော့ သူရိန်ထွန်းသည် ဥတစ်လုံး၊ တစ်ကောင်ကြွက်။

မျက်နှာမွဲနှင့် အားငယ်နေရသူတစ်ယောက်အဖြစ် ရပ်တည်နေရသည်။

ငယ်စဉ်တောင်ကျေးကလေးဘဝမှအစပြု၍ ယခုလိုဘဝတိုင်အောင် ရှားဦးကျောင်းဆရာတော် ဦးပဏ္ဍဝရဲ့လက်အောက်မှာ ကြီးပြင်းလာခဲ့ရသည်။

သူရိန်ထွန်းသည် အသက်တစ်နှစ်သားအရွယ်တွင် မိဘနှစ်ပါးလုံး လူ့လောကကို စွန့်ခွာသွားရသည်။

မိဘနှစ်ပါးမရှိတော့တဲ့နောက် အဒေါ်ဖြစ်သူက မွေးစားထားသည်။

သူရိန်ထွန်းအတွက် ကံမကောင်းတာလား။

ကံတရားက နှိပ်စက်တာလားမသိ။

လောကများစွာက သူရိန်ထွန်းကို အမြဲမပြတ်နှိပ်စက်နေသည်။

သူရိန်ထွန်း ဆယ်နှစ်သားအရွယ်တွင် မွေးစားထားတဲ့အဒေါ်ဖြစ်သူက ရုတ်တရက် ဆုံးပါးသွားခဲ့သည်။

အစွဲအလန်းကြီးတဲ့ရွာသားများက အမင်္ဂလာနိမိတ်ရှိတဲ့အကောင်ဆိုပြီး ဘယ်သူ့မှ မခေါ်ယူ၊ မမွေးစားကြတော့ပေ။

သူရိန်ထွန်းမှာ စားသောက်နေထိုင်စရာမရှိအောင် ကင်းမဲ့နေသည်။

တယ်မည့်သူကို ကြေကွဲစွာနှင့် စောင့်မျှော်နေရသည်။

၎င်းရဲ့သတင်းကိုကြားလိုက်ရတော့ ဆရာတော်အလွန်စိတ်မကောင်းဖြစ်သွားသည်။





"သနားစရာဖြစ်ရပ်ပါလား"ဟု ထင်မှတ်ပြီး သူရိန်ထွန်းကို ခေါ်ယူမွေးစားလိုက်သည်။

သူရိန်ထွန်းကို မွေးစားတဲ့ကိစ္စနှင့်ပတ်သက်ပြီး လူကြီးများက ဆရာတော်ကို တားမြစ်ကြသည်။

အကြောင်းက ဆရာတော်ပုံ့လွန်တော်မူမှာကို စိုးရိမ်၍ဖြစ်သည်။

"ဒီခန္ဓာရတဲ့အချိန်ကစပြီး သေရမှာဆိုတာသိနေရဲ့သားနဲ့ ဘာလို့သေဘေးကို ကြောက်နေကြတာလဲ။ အားလုံး မသေခင် ကောင်းတာလုပ်ဖို့ ကြိုးစားကြပါ။ အချိန်တန်လို့ သေသွားတဲ့သူကိုအကြောင်းပြုပြီး အပြစ်မရှိတဲ့ လူတစ်ယောက်ကို ဘာလို့အပြစ်တင်နေကြတာလဲကွယ်တို့"

ထိုသို့ပြောလိုက်တဲ့ဆရာတော်စကားကို လက်ခံလိုက်ကြသည်။ ဆရာတော်သည် သူရိန်ထွန်းကို ကိတ္တိမသားအဖြစ် သတ်မှတ်ပြီး ကျွေးမွေးပြုစုပြီး ပညာသင်ပေးသည်။

သူရိန်ထွန်းသည် ဆရာတော်ရဲ့သွန်သင်ဆုံးမှုကို ရိုသေစွာ နားထောင်သည်။ စာကိုကြိုးစားသည်။ လိမ္မာသည်။

အရွယ်လေးရောက်လာတော့ တစ်ချိန်က အပြစ်တွေပျောက်ကွယ်ပြီး သူရိန်ထွန်းကို ချစ်ခင်လာကြသည်။

ခေါ်ပြောလာကြသည်။ အချစ်ဆုံးသူငယ်ချင်းတွေ ရှိလာသည်။

ဘရဏီဆိုတဲ့ ချစ်သူတစ်ယောက်လည်း ရရှိလာသည်။

ဘရဏီမိဘများက သူရိန်ထွန်းကို ခင်မင်ပေမယ့် ဘရဏီနှင့်လက်ထပ်ပေးစားရန်တော့ လုံးဝမဖြစ်နိုင်အောင် ဖြစ်နေသည်။

သူရိန်ထွန်းသည် အရွယ်ရောက်လာတော့ ဆိုင်းတီးရန်အလွန်ဝါသနာပါလာသည်။

ထိုအတွက်ကြောင့် ဆရာတော်ကို ကြိမ်ဖန်များစွာ တောင်းဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

သူရိန်ထွန်း၏စိတ်ထဲတွင် အနုပညာအလုပ်သည် အလွန်ယဉ်ကျေးသိမ်မွေ့နူးညံ့သည်ဟု ထင်မှတ်သည်။

ဂင်းအတွက်ကြောင့် ဆရာတော်ဦးပဏ္ဍဝက ညီအရင်းဖြစ်သူဆိုင်းဆရာစိန်မျိုးမြင့်ထံ အပ်နှံသည်။

ဆိုင်းဆရာစိန်မျိုးမြင့်က လက်မခံချင်ပေမယ့် ဆရာတော်ကို မငြင်းဆန်နိုင်တာမို့ လက်ခံလိုက်ရသည်။

"မျိုးမြင့်ရာ မင်းဆိုင်းမှာ ပတ်စာခွာ၊ ဖျာသိမ်း၊ ကြေးမောင်းထပ်ကအစ ခိုင်းလို့ရပါတယ်ကွာ၊ ခိုင်းရင်းပညာလည်းသင်ပေးပေါ့၊ ပညာဆိုတာ သေရွာယူသွားလည်း ဘာမှအသုံးဝင်တာမှမဟုတ်တာ၊ သူတော်လာရင် မင်းရဲ့ နာမည်က ကြီးပြီးကျန်ခဲ့မှာ"

"တပည့်တော် ဆရာတော့်စကားကို လက်ခံပါတယ်ဘုရား"

ဆိုင်းဆရာစိန်မျိုးမြင့်လက်ခံလိုက်သည်နှင့် သူရိန်ထွန်းသည် နေ့ခင်းဘက်တွင် စိန်မျိုးမြင့်အိမ်ကိုရောက်သွားသည်။

မနက်နှင့်ညနေတွင် ဆရာတော်ရဲ့ဝေယျာဝစ္စများပြုလုပ်ပေးရသည်။

အစက လက်မခံချင်တဲ့စိန်မျိုးမြင့်က သူရိန်ထွန်းရဲ့ရိုးသားကြိုးစားတဲ့အတွက် အလွန်သဘောကျသွားသည်။

ဆိုင်းလေ့ကျင့်သူများပြန်သွားတဲ့အခါ ဆိုင်းတီးသင်ပေးသည်။

ထိုသို့လေ့ကျင့်ခွင့်ရတာကို သူရိန်ထွန်းမှာ အလွန်ပျော်ရွှင်ပြီး သူငယ်ချင်းများကို ကြွားနေသည်။

♣♣♣





## အခန်း - (၂)

"အစ်ကိုသူရိန်က ဘာဖြစ်လို့ အဲဒါကြီးကို ဝါသနာပါနေရတာလဲ" မကျေနပ်တဲ့အသံနှင့် မေးလိုက်သည်။

ဂင်းမေးခွန်းသည် လွယ်သလောက် နောက်ဆက်တွဲအဖြေက အလွန်ခက်ခဲနေသည်။

သူရိန်ထွန်းသည် ဘာမှမပြောသေးဘဲ အနားမှာထိုင်နေတဲ့ချစ်သူဘရဏီရဲ့ မျက်နှာကို ကြည့်လိုက်သည်။

ဘရဏီသည် အလွန်လှပချောမောသည်။

ပါးနှစ်ဖက်မှ ပါးကွက်လေးများက သူမရဲ့အလှကို အထင်သားပေါ်လွင်စေသည်။

"ဖြေလေ၊ ဘာလို့ဘရဏီကို ကြည့်နေတာလဲ"

"ချောလို့"

"ဟင်"

ရုတ်တရက် ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။

ရှက်သလိုလိုဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ချစ်ရသူကို စူးရှတဲ့အကြည့်မျိုးနှင့် ကြည့်လိုက်သည်။

ထို့နောက် ခေါင်းလေးကို အသာငုံ့ချမိသည်။

ခြောချုန်းရည်ရွယ်ထားတဲ့စကားလုံးများ လေပေါ်လွင့်စင်သွားကုန်သည်။

သူရိန်ထွန်းသည် ဘရဏီ၏အဖြစ်ကိုကြည့်ပြီး ကျေနပ်သွားသည်။

"ဘာဖြစ်သွားတာလဲဘရဏီ"

"ဘာဖြစ်ဖြစ်ပေါ့၊ သွားပါ လူကိုလာမထိနဲ့"

"စိတ်မဆိုးပါနဲ့ ဘရဏီရာ၊ မင်းစိတ်ဆိုးရင် အစ်ကိုသူရိန်ဘဝက သေသွားတာနဲ့ မခြားပါဘူး"

"အဲဒါဆို ဘရဏီစကားကို ဘာလို့နားမထောင်ရတာလဲ"

"ဘရဏီစကားကို နားမထောင်တာမရှိပါဘူး။ ယနေ့အထိ နားထောင်နေပါတယ်။ အစ်ကိုသူရိန်အတွက်နဲ့ ဘရဏီစိတ်မညစ်စေရပါဘူး"

"အခုစိတ်ညစ်နေရပြီလေ၊ မလုပ်ပါနဲ့လို့တားရင်းနဲ့ လုပ်နေတာ ဘာသဘောလဲ"

"ဒါကတော့ အစ်ကိုသူရိန်ရဲ့ဝါသနာပါကွာ။ အဲဒီကရတဲ့ငွေနဲ့ ဘရဏီ ချမ်းချမ်းသာသာနေရမှာပါ။ ကိုပြောတာယုံပါကွာ"

"အဲဒါတော့ မယုံနိုင်ဘူး။ အဘစိန်မျိုးမြင့်တောင် မိန်းမဘယ်နှစ်ယောက်ရှိတယ်ဆိုတာ သိတယ်မဟုတ်လား"

ဘရဏီရဲ့စကားကို ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။

သူရိန်ထွန်းရဲ့ဆရာစိန်မျိုးမြင့်သည် ဆိုင်းလောကမှာ အလွန်နာမည်ကျော်ကြားသည်။

ဒေသပတ်ဝန်းကျင်မှာ မင်္ဂလာရှင်ပြုရဟန်းခံအလှူမင်္ဂလာပွဲတိုင်းမှာ စိန်မျိုးမြင့်ဆိုင်းမပါရင် မပြီးသလို ဖြစ်နေသည်။

ထို့အတူ စိန်မျိုးမြင့်သည် အလွန်မိန်းမပေါသည်ဟု နာမည်ကြီးသည်။





လက်ရှိပေါင်းတဲ့မိန်းမအပါအဝင် လေးယောက်ရှိသည်။

ဘယ်လိုပင်ဖြစ်ဖြစ် စိန်မျိုးမြင့်မှာ ချီးကျူးစရာအချက်တစ်ခုရှိသည်။

ထိုမိန်းမနှင့် ပေါင်းသင်းနေရင် နောက်ထပ်မိန်းမ,မယူ။ အိမ်ပေါ်က ဆင်းပြီး ကွာရှင်းသွားရင်တော့ နောက်တစ်ယောက်ကို တရားဝင်လက်ထပ်ယူသည်။

စိန်မျိုးမြင့်သည် အပြောအဆို အလွန်ကောင်းတော့ မိန်းမတွေက သဘောကျသည်။

ယခုသူရိန်ထွန်းက စိန်မျိုးမြင့်ထံမှာ တပည့်ခံတော့ ဘရဏီအတွက် သောကဖြစ်ရသည်။

ထိုအတွက်ကြောင့် သူရိန်ထွန်းဝါသနာပါတဲ့ ဆိုင်းလောကကို စွန့်လွှတ်ရန် တောင်းဆိုနေခြင်းဖြစ်သည်။

"အဲဒီလိုလူစားထဲမှာ အစ်ကိုသူရိန်မပါဘူးဘရဏီ။ ဘရဏီ အစ်ကိုသူရိန်ကို ဘယ်လောက်ထိချစ်တယ်ဆိုတာ သိပါတယ်၊ အစ်ကိုသူရိန်ရဲ့အချစ်က ဘယ်လောက်ရှိတယ်ဆိုတာလည်း ဘရဏီသိစေချင်တယ်"

"သိလို့လည်း ဆိုင်းပညာကိုဆက်ပြီး မသင်ပါနဲ့တော့လို့ ပြောနေတာပေါ့ အစ်ကိုသူရိန်၊ ဘရဏီစိတ်ထဲမှာ ထင်နေတယ်။ အစ်ကိုသူရိန်ဆိုင်းလောကမှာ နာမည်ကြီးနေရင် ဘရဏီနဲ့လမ်းခွဲရလိမ့်မယ်"

"မဟုတ်တာမပြောစမ်းပါနဲ့ ဘရဏီရာ။ အစ်ကိုသူရိန်အနေနဲ့ ဘရဏီကို ဘယ်တော့မှလမ်းခွဲမှာမဟုတ်ပါဘူး"

သူရိန်ထွန်းပြောတဲ့စကားကို ဘယ်လိုမှလက်မခံနိုင်အောင်ဖြစ်နေသည်။

ဘရဏီသည် သူရိန်ထွန်းကို အလွန်ချစ်မြတ်နိုးသည်။

မိသားစုဆွေမျိုးများက တားမြစ်မှုတွေပြင်းပေမယ့် လက်မခံ၊ သူရိန်ထွန်းကိုသာ ရွေးချယ်ချစ်မြတ်နိုးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူရိန်ထွန်းနှင့်ချစ်သူဘဝရောက်ရှိလာတော့ သူရိန်ထွန်းက ပြောစကားကိုလက်မခံ။ အလွန်ဝါသနာပါတဲ့ ဆိုင်းတီးတဲ့အလုပ်ကိုသာ ပထမဟု သတ်မှတ်နေသည်။

သူမက ဒုတိယနေရာကို ရောက်ရှိသွားသည်။

၎င်းအတွက် ဒေါသထွက် စိတ်ဆိုးနေသည်။

"ဘရဏီအမှန်ပြောတာပါ။ အစ်ကိုသူရိန်ဘယ်လိုပြောပေမယ့် အချိန်က ဆုံးဖြတ်ပေးသွားမှာပါ။ ဘရဏီကတော့ ဒီလိုပဲ ထင်နေတယ်"

"အဲဒီလို နိမိတ်မရှိတဲ့စကားမျိုး မပြောပါနဲ့။ ဘယ်လိုအခြေအနေရှိနေပါစေ၊ အဲဒါတွေကို အစွမ်းကုန်တွန်းလှန်သွားမှာပါ"

"တော်ပြီအစ်ကိုသူရိန်၊ ဘရဏီနောက်ဆုံးအနေနဲ့ မေးခွန်းနှစ်ခုမေးမယ်၊ အဲဒီအဖြေက ဘရဏီတို့အတွက် အဆုံးအဖြတ်ပဲ။ အစ်ကိုသူရိန်အနေနဲ့ ဆိုင်းတီးတာကို စွန့်လွှတ်မလား၊ ဘရဏီနဲ့လမ်းခွဲမလား"

ခက်ခဲတဲ့မေးခွန်းဖြစ်သည်။

သူရိန်ထွန်းသည် ခပ်ပြုံးပြုံးမျက်နှာနှင့် ဘရဏီကို ကြည့်လိုက်သည်။ ဘရဏီသည် နောက်တဲ့သဘောနှင့် ကြည့်နေသည်ထင်မှတ်မိသည်။ ၎င်းကြောင့် ဘရဏီ၏မျက်နှာသည် ပြုံးရယ်ခြင်းမရှိ။ တည်ကြည်နေသည်။

သူမမေးသလိုသာ ဆိုင်းတီးတဲ့အလုပ် မစွန့်လွှတ်ဘူးဆိုရင် တကယ်လမ်းခွဲမှာ သေချာသည်။

သူရိန်ထွန်းသည် ဘရဏီရဲ့မေးခွန်းကို အဖြေပေးရန် စောလွန်းသည်ဟု ထင်မှတ်နေမိသည်။

"ပြောလေ ဘာလို့ငိုင်နေတာလဲ"

"လောလောဆယ်စောပါသေးတယ်ဘရဏီ၊ အချိန်နည်းနည်းပေးပါလို့ တောင်းဆိုပါတယ်"





"အဲဒီလောက်အချိန်ပေးစရာမရှိဘူး အစ်ကိုသူရိန်၊ ဘရဏီမိသားစုအကြောင်း သိတယ်မဟုတ်လား"

"အစ်ကိုသူရိန်သိပါတယ်ကွာ၊ လောလောဆယ် ဒါတွေမေ့ထားပြီး ပြန်ကြရအောင်၊ အစ်ကို မိုးစည်သူတို့နဲ့ ချိန်းထားတာရှိသေးတယ်။ သွားကြရအောင်"

"သွားပြီးသိပ်နောက်မကျနဲ့နော်၊ ဆရာတော်ဆူနေအုံးမယ်"

"စိတ်ချပါ"

မိုးစည်သူတို့နှင့်သွားမည်ဆိုလျှင် ဘရဏီအနေနှင့် တားမြစ်ရန် အလွန်ခက်ခဲသည်။

ဘရဏီသည် မိုးစည်သူတို့အဖွဲ့ကို အလွန်လေးစားသည်။

ဒေသရွာလေးတွင် မိုးစည်သူတို့သည် ရပ်ကျိုးရွာကျိုးကို ဦးဆောင်နေသည်။

ရွာရှိလူငယ်လူလတ်များက ၎င်းတို့ကိုယုံကြည်သည်။

ဆိုးမိုက်တဲ့လူငယ်များကို လိမ္မာအောင် ဆိုဆုံးမလေ့ရှိသည်။

ဘရဏီအနေနှင့် ချစ်သူသူရိန်ထွန်း၊ မိုးစည်သူတို့နှင့် လိုက်သွားမည်ဆိုတာကို လက်ခံခွင့်လွှတ်လိုက်ရသည်။

♣♣♣


www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်နည်းနည်းနောက်ကျသွားတယ်အစ်ကို"

"ရပါတယ်ကွာ၊ မင်းအချစ်လေးနဲ့ တွေ့နေတာပဲ"

"ဟေ့ သူရိန်၊ မင်းပျော်ခဲ့တဲ့မဟုတ်လား"

ကိုဇော်ဝမ်းရဲ့မေးခွန်းက ပျော်ရွှင်စရာဖြစ်ပေမယ့် သူရိန်အတွက်တော့ ကြေကွဲစရာဖြစ်နေသည်။

၎င်းသည် ကိုဇော်ဝမ်းရဲ့မေးခွန်းကို ရုတ်တရက်ဖြေကြားနိုင်ခြင်းမရှိဘဲ စိတ်ပျက်စွာ ဝင်ထိုင်လိုက်သည်။

အားလုံးသည် သူရိန်ထွန်းကို ကြည့်လိုက်ကြသည်။

၎င်းသည် တစ်ခုခုဖြစ်လာသည်ဟု ထင်မှတ်နေကြသည်။

"သူရိန် မင်းဘာတွေဖြစ်လာတာလဲ"

"ဟုတ်သားပဲကွာ မင်းမျက်နှာကြီးက မျောက်ဇီးသီးရသလို ဖြစ်နေပြီ"

"ဘယ်ကဇီးသီးလဲ၊ ကြောင်လျှာသီးစားခဲ့သလို ဖြစ်ခဲ့တာ ဖြစ်မှာပေါ့ မိုးကြီးရာ"

"တော်ပါတော့ကွာ၊ ဟေ့ သူရိန်၊ မင်းဘရဏီနဲ့ ဘာဖြစ်ခဲ့သလဲ၊ ရော့ ကွာ ချလိုက်အုံး"

သူရိန်ထွန်းသည် မိုးစည်သူပေးတဲ့အရက်ခွက်ကို လှမ်းယူလိုက်သည်။





ရုတ်တရက် အရက်ကိုမသောက်သေးဘဲ တွေဝေနေသည်။

"ဟေ့ သူရိန်၊ ဘာတွေစဉ်းစားနေတာလဲ၊ ဘရဏီက အရက်မသောက်ရဘူးလို့ မှာထားလို့လား"

"ဂရုစိုက်မနေပါနဲ့ကွာ၊ ဒီအချိန်မှာ မင်း သူ့ကိုကြောက်နေရင် နောက် ပိုင်းမလွယ်ဘူး အကောင်။ ဘာမှစဉ်းစားမနေနဲ့၊ သောက်မှာသောက်လိုက် စမ်းပါကွာ"

"ဟေ့ . . . ဟေ့ အဲဒီစကားမျိုး မပြောရဘူးလေကွာ။ ဒါဟာ တစ်ဖက် သားကို အနှောင့်အယှက်ပေးသလိုပဲကွ၊ ဟေ့ သူရိန် သောက်ကွာ"

"ဟုတ်တယ်သူရိန်၊ သောက်ပြီးမှ မင်းရင်ထဲက ခံစားချက်တွေကို ရင်ဖွင့် လိုက်ကွာ"

"ဟုတ်ကဲ့ အစ်ကိုဇော်ဝမ်း"

သူရိန်သည် ပြောလက်စ စကားကိုအဆုံးသတ်ပြီး မော့သောက်လိုက်သည်။

ယခုဝိုင်းတွင် ကိုမိုးစည်သူ၊ ကိုဇော်ဝမ်း၊ ကိုချစ်စုတို့နှင့် သူရိန်နှင့် အသက်ရွယ်တူ ထွန်းထွန်း၊ ကျော်လင်းသူ၊ ထွန်းလင်းဦးတို့ ဖြစ်ကြသည်။

၎င်းတို့သည် ကိုမိုးစည်သူတို့ကို လေးစားသည်။ ပြောစကား . . နား ထောင်သည်။

အခက်အခဲများရှိရင် ပြောပြပြီး တိုင်ပင်တတ်ကြသည်။

"ဘရဏီပစ်လိုက်တဲ့မြှား မင်းရင်ထဲထိသွားတယ် မဟုတ်လား သူရိန်"

"ဟုတ်တယ်အစ်ကိုဇော်ဝမ်း၊ အဲဒီအတွက် အလွန်စိတ်ညစ်နေရတယ်"

"ဘယ်လိုဖြစ်လို့လဲ ပြောစမ်းပါအုံးကွာ၊ တို့ဘက်က တတ်နိုင်သလောက် ကူညီရတာပေါ့"

"ရမယ်မထင်ပါဘူး အစ်ကိုမိုးကြီးရာ"

"မဟုတ်တာပဲ သူရိန်ရာ၊ ဒီမှာ ငါတို့နဲ့အတူ ဇော်ဝမ်းနဲ့ချစ်စုတို့ရှိ


www.burmeseclassic.com

www.burmeseclassic.com

နေတာပဲ"

သူရိန်သည် အားကိုးတဲ့အကြည့်နဲ့ အတူ ရှေ့မှာရှိတဲ့စားစရာကို စားလိုက်သည်။

၎င်းတို့သည် ညနေခင်းအလုပ်သိမ်းသည်နှင့် စားသောက်ကြသည်။

တစ်ခါတရံ တောထဲမှာ ကြောင်၊ ယုန်တို့သွားမထောင်ခင် တိုင်ပင်တဲ့ သဘောဖြင့် အရက်သောက်ကြသည်။

ထိုသို့ဆုံကြတဲ့အခါ တစ်ယောက်အခက်အခဲကို တစ်ယောက်တင်ပြ ဆွေးနွေးကြသည်။

"တခြားမဟုတ်ပါဘူး၊ ဘရဏီက သူ့ကိုပြတ်မလား၊ ဆိုင်းတီးတာကို စွန့်မလားတဲ့"

"ဟေ. . . ဘယ်လို"

"ဟာ. . . သူရိန် မင်းတော်တော်ကံကောင်းတာပဲ"

"အေးကွာ၊ ငါတို့လည်း အဲဒီလိုဖြစ်ချင်လိုက်တာ"

"ငါလည်း အဲဒီလိုပဲ"

ကျော်လင်းသူက စလိုက်တာ ထွန်းလင်းဦးနှင့် ထွန်းထွန်းတို့ လိုက်ပါလာသည်။

ကိုဇော်ဝမ်းတို့ပြောရန် အလှည့်မရောက်နိုင်။ တစ်ယောက်တစ်ပေါက် ပြောလိုက်ကြသည်။

သူရိန်ထွန်းသည် ကျော်လင်းသူတို့သုံးယောက်ကို နားမလည်စွာကြည့် နေသည်။ ထွန်းထွန်းကတော့ အရက်ခွက်ကို မြှောက်ပင့်ကာနေသည်။

"နေစမ်းပါအုံးကွာ၊ မင်းတို့သုံးယောက်ကတမျောင့်၊ သူရိန်စကားကို ငါဘယ်လိုလုပ်ရမှန်းမသိဘူး"

"ဘာလုပ်ရမှာလဲ ကိုမိုးကြီးရာ၊ ဘရဏီကချစ်လွန်းလို့ပြောတာ၊ အဲဒါကို





စိတ်ညစ်တယ်တဲ့"

"နေရာခြင်းလဲလိုက်ချင်လိုက်တာနော်"

"ငါလည်းပါတယ်"

"ဟာ အရေးထဲ ဒိန်းဒေါင်းကဖျက်နေတယ်၊ ဟေ့ ထွန်းထွန်းတို့ မင်းတို့ သိပ်စကားမများကြနဲ့ကွာ၊ သူရိန်တို့ကိစ္စက အရေးကြီးလာပြီ"

"ဇော်ဝမ်း မင်းပဲတာဝန်ယူလိုက်ကွာ"

"မိုးကြီးက အဓိကကျတယ်၊ ဘရဏီက သူပြောရင်ဖြစ်တယ်"

"အစ်ကိုမိုးကြီး ကျွန်တော့်ကို ကူညီပါအုံးဗျာ"

"အေး ငါကူညီချင်တယ်။ ခက်နေတာက နှလုံးသားရေးရာကိစ္စဖြစ် နေတော့ စဉ်းစားရခက်တယ်"

"အဲဒါအမှန်ပဲ၊ ကိုမိုးကြီးပြောတာ လက်ခံနိုင်စရာရှိတယ်"

"ဘာတွေလက်ခံတာလဲ ထွန်းထွန်းရာ"

"ဒီလိုလေ. . . "

"တော်ကြပါတော့ကွာ၊ မင်းတို့က အရေးထဲ နေရာဝင်ယူနေကြပြန်ပြီ"

"မင်းက ဘယ်လိုစဉ်းစားထားလဲ သူရိန်"

ကိုချစ်စုက မေးလိုက်သည်။

သူရိန်သည် ရုတ်တရက်ပြောမထွက်ပေ။

အားလုံးသည် သူရိန်စကားကို စောင့်မျှော်နေကြသည်။

သူရိန်သည် အရက်ကို အသာမော့သောက်လိုက်သည်။

"ကျွန်တော်ဆန္ဒအမှန်က ဘရဏီကိုလည်းချစ်တယ်၊ ဆိုင်းပညာကိုလည်း ဆက်သင်ချင်သေးတယ်"

"ဘရဏီက အဲဒါကိုပဲမေးထားတာလေ"

"ဒါကြောင့် အစ်ကိုဇော်ဝမ်းတို့ကိုပြောတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဘရဏီက ကျွန်တော့်ကိုပြောဖူးတယ်"

"ဘာပြောတာလဲ ကျော်လင်းသူရာ"

"[illegible]တွေက ဆိုင်းတီးတာကို နှစ်သက်တယ်တဲ့။ အဲဒီလိုဖြစ်သွား ရွာကို [illegible]နေတယ်"

"ဒါလည်းဖြစ်နိုင်တာပဲ။ ငါတို့ ငယ်ငယ်တုန်းက အမေပြောဖူးတဲ့ အဖြစ်အပျက်တစ်ခုရှိတယ်။ အလွန်ကြောက်စရာပဲ"

"ဘာလဲ အစ်ကိုဇော်ဝမ်း"

"ဟေ့. . . ဟေ့ စိတ်တောင်ဝင်စားလာပြီ"

"အရက်မူးတဲ့အချိန်မှာ နားထောင်ရရင် အလွန်ကောင်းမှာပဲ"

ကျော်လင်းသူနှင့်ထွန်းလင်းဦးတို့ရဲ့ အတိုင်အဖောက်ညီစကားကြောင့် ကိုဇော်ဝမ်းကျေနပ်စွာ ပြုံးလိုက်သည်။

၎င်းတို့သည် လူငယ်တွေနှင့်အတူ အရက်သောက်ရင်း ထိုစကားတွေ ပြောရရင် အိမ်ပြန်ဖို့မေ့နေတတ်သည်။

ကိုဇော်ဝမ်းသည် ချစ်စုနှင့်မိုးစည်သူတို့ကို တစ်လှည့်စီကြည့်လိုက်သည်။ ၎င်းတို့က ပြောရန်အချက်ပေးလိုက်သည်။

ကိုဇော်ဝမ်းသည် အရက်ကို အာဆွတ်ရုံသောက်လိုက်သည်။

"နာမည်ကျော်ဆိုင်းဆရာကြီးဦးကွက်ကျော်ဆိုတဲ့သူ တစ်ယောက်ရှိတယ်။ ကွက်ကျော်ဆရာဆို လူတိုင်းသိကြတယ်။ သူဟာ ဆိုင်းတီးတဲ့နေရာမှာ တစ်ဖက်ကမ်းခတ်တော်တယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး။ ပါးစပ်နဲ့တီးတာလည်း တော်တယ်"

"ဆိုင်းမပါဘဲ ပါးစပ်နဲ့တီးတာ အဝေးကနားထောင်ရင်း တကယ့်ဆိုင်းကြီးတီးနေသလား ထင်ရတယ်"

"ဟာ အလွန်တော်တဲ့လူပဲ"





"ရွာတချို့က ဆိုင်းမငှားဘဲ သူ့တစ်ယောက်ထဲကိုသာ ငှားတာရှိတယ်၊ တစ်နေ့ပေါ့လို့ပဲ ခပ်တိုတိုပြောမယ်"

"ပြီးသွားပြီလား အစ်ကိုဇော်ဝမ်း"

"ဘာမှလည်း ကြောက်စရာမကောင်းပဲနဲ့"

"ဆုံးအောင်နားထောင်ကြလေကွာ"

"ဟုတ်သားပဲ ထွန်းထွန်းရာ"

ကြားကပြောလိုက်တော့ ဘာပြောရမှန်းမသိအောင်ဖြစ်သွားသည်။

"အဲဒီလိုနဲ့ ဆရာကွက်ကျော်ဟာ တစ်ဖက်ရွာမှာ ပါးစပ်ဆိုင်းတီးပြီး ရွာကိုပြန်လာတယ်။ လမ်းတစ်ဝက်ရောက်တော့ မီးအိမ်ဆွဲတဲ့လူနှစ်ယောက်နဲ့ ဆုံတယ်ပဲဆိုပါတော့။ အဲဒီလူနှစ်ယောက်က ဆရာကွက်ကျော်ကိုပြောတယ်၊ အခုလည်း ဆရာကွက်ကျော်ဆိုင်းသွားတီးတယ်ဆိုတော့ လိုက်လာတာတဲ့"

"အဲဒီလိုနဲ့ ဘာကိစ္စရှိသလဲမေးတော့ ဒီညရွာသူကြီးသမီးမင်္ဂလာပွဲရှိလို့ လိုက်တီးပေးပါလို့ ပြောတယ်။ ဆရာကွက်ကျော်က ရွာပြန်ပြီး ဆိုင်းပြန်ယူမယ်ပြောတယ်။ သူတို့က အချိန်မရှိလို့ ဆိုင်းပြန်မယူဘဲ ပါးစပ်ဆိုင်းနဲ့ တီးလည်းရပါတယ် ပြောပြီး ခေါ်သွားတယ်။ ဆရာကွက်ကျော်က ငြင်းပေမယ့် လက်မခံဘူး။ ဒါနဲ့ တစ်ယောက်တည်းလိုက်သွားရတယ်"

ကိုဇော်ဝမ်းသည် စကားစကို ရုတ်တရက် ရပ်လိုက်သည်။

ကျော်လင်းသူတို့သည် ကိုဇော်ဝမ်းကိုကြည့်လိုက်သည်။ စိတ်ဝင်စားနေတုန်း မည်သည့်အတွက်ကြောင့် ရပ်လိုက်ရတာလဲဟု ထင်မှတ်နေသည်။

၎င်းတို့သည် ဆိုင်းအကျော်အမော်ဦးကွက်ကျော် ဘယ်လိုဆက်ဖြစ်မလဲဆိုတာ သိချင်နေကြသည်။

ကိုဇော်ဝမ်းကတော့ အေးဆေးစွာနှင့် အရက်ခွက်ကိုယူလိုက်သည်။ ထို့နောက် အရက်ထဲကို ရေရောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အားလုံးက ကိုဇော်ဝမ်းရဲ့လုပ်ရပ်များကို အစအဆုံးကြည့်နေကြသည်။ ကိုဇော်ဝမ်းသည် အရက်ကိုအသာမော့သောက်ပြီး အပြည်းကိုယူစားလိုက်သည်။

"ကိုဇော်ဝမ်း ဆက်ပြောတော့လေ"

"အရက်လေးကို အေးအေးဆေးဆေးသောက်ပါရစေအုံး"

"ဟုတ်သားပဲ ထွန်းလင်းဦးရာ"

ထွန်းထွန်းက ဝင်ရောက်ပြောလိုက်သည်။

"အေးပါကွာ၊ သိချင်ရင်လည်း ပြောတော့မယ်။ ဒါနဲ့ ငါ့စကားစ ဘယ်ရောက်သွားပြီလဲ"

"လာခေါ်တဲ့နောက်ကို လိုက်သွားတယ်လေ"

"အေး. . . အေး ဦးလေးကွက်ကျော်ဟာ တစ်ယောက်တည်းလိုက်သွားတယ်။ တော်တော်ကြာအောင်လျှောက်ပြီးမှ အလှူလုပ်မယ့်ရွာကို ရောက်သွားတာတဲ့။ တစ်ရွာလုံး မီးရောင်တွေ ထိန်ထိန်လင်းနေတာပဲတဲ့ကွာ။ သူရောက်သွားတော့ အပြုံးနဲ့ကြိုဆိုကြတယ်တဲ့။ သူလည်းခဏနားပြီး ထမင်းစားတယ်တဲ့။ ညပိုင်းလည်းရောက်ရော သူဆိုင်းတီးဖို့ ပြင်ရတယ်တဲ့။ အဲဒါနဲ့ သူက လူတွေ အထင်ကြီးအောင် စဥ့်အိုးအသေးလေးတွေ တောင်းတယ်တဲ့။ လှူလိုက်တဲ့စဥ့်အိုးလေးတွေပဲကွာ"

"အဲ့ဒီစဥ့်အိုးတွေ ဘာလုပ်ဖို့လဲ အစ်ကိုဇော်ဝမ်း"

"ဆိုင်းတီးဖို့လေကွာ"

"ဟာ အစ်ကိုဇော်ဝမ်းကလည်း မဖြစ်နိုင်တာ"

"ထွန်းထွန်းကလည်းကွာ၊ စကားကို ဆုံးအောင်နားမထောင်ဘူး"

"ဟုတ်သားပဲကွာ၊ ကဲ ဇော်ဝမ်း ဆက်ပြော"

ကိုချစ်စုက ကြားကဝင်ပြောလိုက်သည်။

အားလုံးက ကိုချစ်စုရဲ့စကားကို လက်ခံကြသည်။ အပြင်မှာ ဘယ်လို





ပင်ဖြစ်နေပါစေ၊ အရက်ဝိုင်းရောက်လာရင်တော့ အပြင်မှာထက် အားလုံးပိုပြီး ခင်မင်ကြသည်။

အရက်သမားဟာ အရက်သမားခြင်း ချစ်ကြတယ်ဟု လူကြီးများရဲ့ ပြောစကားကို မှတ်သားဖူးသည်။

ဇင်းစကားကို လက်ခံရမည်။

အရက်ဝိုင်းမှာ အရက်အတူတူသောက်နေလျှင် တခြားလူတစ်ယောက်က ပြဿနာရှာရင် အေးအေးဆေးဆေးမနေတတ်ကြပေ။

ထို့အတူ တစ်ယောက်ကအရက်မူးလျှင် ကျန်သူများကတွဲခေါ်ပြီး အိမ်လိုက်ပို့တတ်ကြသည်။

"အဲဒီစဥ့်အိုးလေးတွေပေါ်ကို အဝတ်တစ်စတောင်းယူပြီး အုပ်လိုက်တယ်။ ပြီးတော့ ဆိုင်းတီးတော့တာပဲ။ လက်ခုပ်တီးတဲ့အသံတွေ ဆူညံသွားတာပဲတဲ့"

"တော်တယ်ဆိုပြီး ချီးမွမ်းလိုက်ကြတယ်။ ဦးကွက်ကျော်ကလည်း အစွမ်းကုန်တီးသွားတယ်။ အားပေးတဲ့သူတွေကလည်း ကြိတ်ကြိတ်တိုးနေတာပဲတဲ့။ ဦးကွက်ကျော်လည်း ဝမ်းသာလွန်းလို့ တီးလိုက်တာ မနားတမ်းတီးလိုက်တော့ အချိန်အတော်ကြာသွားတယ်တဲ့။ ပွဲသိမ်းပြီးတာနဲ့ ရွာရဲ့တာဝန်ရှိသူများက ငွေကိုဆဲပေးပြီး အနားယူခိုင်းတော့ ဦးကွက်ကျော်လည်း ပင်ပန်းလွန်းလို့ အိပ်မောကျသွားတယ်။ အိပ်ယာကနိုးတော့ရွာမရှိဘူးတဲ့။ သစ်ပင်တစ်ပင်အောက်မှာ ရောက်နေတယ်တဲ့"

"ဟာ. . . ကြောက်စရာကြီးပဲ"

"ငါသာဆိုသေနိုင်တယ်"

"အရက်သောက်ရင်း ကြက်သီးတောင်ထလာပြီ"

ကျော်လင်းသူတို့က အထိတ်တလန့် ပြန်ပြောလိုက်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



အားလုံးထက် ထိတ်လန့်သူက သူရိန်ထွန်းသာဖြစ်သည်။

သူရိန်ထွန်းသည် ကိုဇော်ဝမ်းပြောတာနှင့် တိုက်ဆိုင်နေသည်။ ဦးကွက်ကျော်သည် အသက်အရွယ်ကြီးရင့်သူဖြစ်သလို အတွေ့အကြုံက အလွန်များသည်။

သူရိန်ထွန်းသည် ကိုဇော်ဝမ်းပြောတာကို လိုအပ်ချက်များစွာ ရှိနေသည်ဟု ထင်သည်။ တချို့အချက်များကို သိချင်နေသည်။

ကိုဇော်ဝမ်းသည် မသိသလိုပုံစံနှင့် အရက်ကိုအေးအေးဆေးဆေး သောက်နေသည်။

ကိုဇော်ဝမ်းအတွက်တော့ ထူးခြားမှုမရှိပေမယ့် သူရိန်အတွက်တော့ မှောက်မီးခဲကိုင်မိသလို ဖြစ်နေသည်။

"ဒါနဲ့ အစ်ကိုဇော်ဝမ်း ဘာထပ်ဖြစ်သေးလဲ။ သူ့ကိုပေးထားတဲ့ပိုက်ဆံတွေကရော ဘယ်ရောက်သွားလဲ"

"သူ့ကို ဘာမှတော့မလုပ်ဘူး။ ပိုက်ဆံတွေလည်းမပျောက်ဘူး။ ပျောက်သွားတာက ညကတွေ့လိုက်တဲ့ရွာကြီးပဲ"

"အလွန်အံ့သြစရာပါပဲ"

"ဘာအံ့သြစရာရှိလို့လဲကွ၊ ဦးကွက်ကျော်အတွက်တော့ အလွန်ရိုးစင်းတဲ့အရာတွေပဲ"

"အရက်သောက်လို့ကော မဖြစ်နိုင်ဘူးလား ဇော်ဝမ်း၊ ဦးကွက်ကျော်က အရက်သောက်တယ်မဟုတ်လား"

"သောက်တာပေါ့ကွာ၊ အရက်ပုလင်းသာလဲသွားမယ် ဦးကွက်ကျော်ကတော့ သောက်ကောင်းနေတုန်းပဲကွ၊ တချို့က အရက်အိုးကွက်ကျော်လို့ ခေါ်ကြတယ်"

"သူသောက်တာ သရဲစာရေးဆရာကို မှီမယ်မထင်ဘူး"





အရက်သောက်ရင်းစကားပြောနေတာနှင့် အလွန်အချိန်နှောင်းနေပြီး ၎င်းတို့သည် ထိုဝိုင်းပြီးတာနှင့် တောဝင်ရန် ရှိသေးသည်။

ဘယ်လိုပင်ဖြစ်ပါစေ၊ ဇော်ဝမ်းကတော့ ကျေနပ်နေသည်။

၎င်းတို့သည် ဇော်ဝမ်းစကားကို အမှန်ထင်နေသည်။

ဇော်ဝမ်းသည် ရည်ရွယ်ချက်ရှိရှိပြောနေခြင်းဖြစ်သည်။

"သရဲစာရေးဆရာ ဟုတ်လားအစ်ကိုမိုးစည်သူ"

"ဟော့. . . အဲဒီကိစ္စလမ်းရောက်မှ ပြောကြကွာ။ သွားဖို့ရှိသေးတယ်"

"ဟုတ်တယ် လက်ကျန်ရှင်းပြီးသွားကြမယ်"

အားလုံးသည် အရက်လက်ကျန်များကို အသီးသီးခွဲသောက်လိုက်ကြသည်။

♣♣♣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း – (၅)

အမှောင်ထုကို လွှမ်းမိုးထားတဲ့အကာလအချိန်တွင် စကားပြောသံသဲ့သဲ့ ထွက်ပေါ်နေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသော်လည်း ကျားဟိန်းသံများက တစ်ခါတရံထွက်ပေါ်လာတတ်သည်။

ထို့အတူ အနေအားတွင် ခြေသံလိုလိုလည်း ကြားရပြန်သည်။

"မင်းဘာသံကြားလဲ သူရိန်"

"ဘာသံကြားရမှာလဲ ထွန်းထွန်းရာ"

"မင်းနားမကောင်းဘူးထင်တယ်။ တောထဲကိုရောက်လာပြီဆိုတာနဲ့ မျက်စိလျင်ရမယ်။ နားလည်းစွင့်ရမယ်။ အဲဒီလိုမဖြစ်ရင်. . ."

"အဲဒီလိုမဖြစ်ရင် ဘာဖြစ်မလဲ ထွန်းထွန်းပြောလေကွာ"

ထွန်းထွန်းသည် ပြောလက်စ စကားကိုရပ်လိုက်သည်။

သူရိန်ထွန်းက ထိုသို့ပြုလုပ်လိုက်တာကို အလွန်စိတ်ဝင်စားသွားသည်။

၎င်းတို့အဖွဲ့သည် တောထဲကိုရောက်ရှိလာတဲ့ကိစ္စက ကြောင်ထောင်ခြင်း၊ ဆန်ထောင်ခြင်းစတဲ့ အလုပ်များဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူရိန်နှင့်ထွန်းထွန်း၊ ကျော်လင်းသူတို့က ကြက်ထောင်ကြသည်။

မိုးစည်သူ၊ ချစ်စု၊ ဇော်ဝမ်း၊ ထွန်းလင်းအောင်တို့အဖွဲ့က ကြောင်နှင့်ယုန်ထောင်ကြသည်။

၎င်းတို့သည် စီးပွားအဖြစ်ရောင်းကြသူများမဟုတ်။ ချက်ပြုတ်ပြီး အရက်နှင့် စားသောက်ကြသည်။

မိဘများက ချမ်းသာသူများဖြစ်နေ၍ အလုပ်မလုပ်လည်း နေနိုင်ကြသည်။ ၎င်းတို့က အရက်သောက်တာကလွဲပြီး မဟုတ်တာတစ်ခုမှ မလုပ်ကြပေ။

"နောက်ဆက်တွဲကိုတော့ အခုမပြောသေးဘူး။ နောက်တော့မှပဲ ပြောတော့မယ်။ အခုအချိန်မှာ ငါ့စကားကိုသာ နားထောင်ကွာ"

**"ချွတ် ချွတ် ချွတ်"**

**"ဖြောင်း"**

**"ဝုန်း"**

**"ဟာ"**

**"အမလေး"**

ရုတ်တရက် အော်သံထွက်လာသည်။

ကြက်သီးများထွက်ပေါ်လာသည်။

တိတ်ဆိတ်တဲ့ကာလမှာ အော်သံများက လွှမ်းမိုးသွားသည်။ ထို့အတူ နောက်ဆက်တွဲ ထွက်ပေါ်လာတဲ့ ထိတ်လန့်စရာတွေက လျှင်မြန်စွာ ကူးရောက်လာသည်။

"ဟဲ့. . . သတိထားကြ၊ အသံတစ်ခုကြားနေရတယ်"

"အေး ဟုတ်တယ် ငါလည်းကြားရတယ်ကွ"

"ငါတို့ဘာလုပ်ကြမလဲ"

"ဘာလုပ်ရမှာလဲ။ ထွက်ပြေးလို့မရဘူး။ အရေးကြီးတာက အန္တရာယ်





ကို အကောင်းဆုံးပုံစံနဲ့ ဘယ်လိုဖြေရှင်းရမလဲဆိုတာပဲ"။

"ဟော့. . . ဓားတွေ၊ လှံတွေ၊ လေးခွတွေရော"

"ရှိတယ်လေ၊ ရော့ ကိုယ့်ပစ္စည်းကိုယ်ယူထားကြ"

"ဟော တဖြည်းဖြည်းနီးကပ်လာပြီ"

ထိုသို့ပြောဆိုပြီးနောက် အသင့်ပါလာသော လက်နက်များကို ဆွဲယူလိုက်ကြသည်။

အန္တရာယ်နှင့်တွေ့လျှင် ရင်ဆိုင်ဖြေရှင်းရန်သာ အသင့်ရှိနေသည်။

ခြေသံသည် တဖြည်းဖြည်းနှင့် အနားကိုနီးကပ်လာသည်။

သူရိန်တို့သည် ကြက်သီးများထလာသည်။

လာနေတဲ့အကောင်ကြီးကို ရှာဖွေနေသည်။

မှောင်မိုက်လွန်းတဲ့ကာလဖြစ်နေ၍ သဲသဲကွဲကွဲဘာကိုမှ မြင်တွေ့ရခြင်းမရှိအောင်ဖြစ်နေသည်။

"ဟာ. . . အမလေး"

ရုတ်တရက်အော်ဟစ်လိုက်တဲ့အသံကြောင့် ပတ်ဝန်းကျင်ကို လွှမ်းမိုးသလိုဖြစ်သွားသည်။

ထွန်းထွန်းသည် သူရိန်ပါးစပ်ကို ပိတ်လိုက်သည်။

အကြောင်းမှာ အမွေးအမျှင်များထူထပ်နေတဲ့ လက်ကြမ်းကြီးတစ်ဖက် ထွက်လာသည်။

၎င်းလက်ကြမ်းကြီးသည် သူရိန်မျက်နှာတည့်တည့်ကို ရောက်ရှိလာသည်။

ကျော်လင်းသူတို့သည် လက်ကြမ်းကြီးလာရာကိုကြည့်ရင်း ကိုယ်ခန္ဓာအား မသိမသာရှောင်တိမ်းထားရသည်။

လက်ကြမ်းကြီးမှာ ၎င်းတို့မှီပြီးနေရာယူထားသည့် ဝက်သစ်ချပင်ကြီး အနောက်က ထွက်ပေါ်လာခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



လက်ကြမ်းကြီးသည် တစ်စုံတစ်ခုကို တောင်းယူတာလား"

အန္တရာယ်ပြုဖို့ စိန်ခေါ်လိုက်တာလား။ ဝေခွဲမရအောင်ဖြစ်နေသည်။

ကျော်လင်းသူသည် လှံရှည်ကို တင်းကြပ်စွာ ဆုတ်ကိုင်ထားပေမယ့် ကြောက်စိတ်များက လွှမ်းမိုးနေသည်။

သူရိန်ထွန်းတို့အဖွဲ့သည် ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေသည်။ လက်ထဲမှာကိုင်ထားတဲ့ လက်နက်များက အရာမထင်သလို ဖြစ်နေ၏။

လက်ကြမ်းကြီးသည် ၎င်းတို့မျက်နှာရှေ့ကို တဖြည်းဖြည်းရောက်ရှိလာနေသည်။

"ဟော့ကောင်တွေ ဘာလုပ်ကြမလဲ"

"ပြေးကြမယ်၊ အဲဒါမှလွတ်မှာ"

"အဲဒါကောင်းတယ်"

"ဘယ်ကိုပြေးမလဲ။ မလွတ်ဘူးထင်တယ်"

"အေး မင်းပြောတာမှန်တယ် ကျော်လင်းသူ"

စကားပြောကောင်းနေချိန်တွင် လက်ကြီးက ရှေ့ကိုရောက်ရှိလာသည်။

"ဝေါ"

"ဒုတ်"

"ဝေါ. . . ဝေါ"

"ဝုန်း. . . ဝုန်း"

ကျယ်လောင်စွာထွက်ပေါ်လာတဲ့အသံက ပတ်ဝန်းကျင်ကို လွှမ်းမိုးသွားသည်။

အားလုံးထိတ်လန့်တုန်လှုပ်ကုန်ကြသည်။

ကြောက်စိတ်များ လွှမ်းမိုးသွားသည်။





ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်ကုန်သည်။

အကြောင်းမှာ ထွန်းထွန်းသည် လက်ထဲမှာကိုင်ထားတဲ့လှံကို ဆုတ်ကိုင်ပြီး လက်မည်းကြီးကို ထိုးလိုက်သည်။

လှံနှင့်အတူ လက်ကြီးမှာ သစ်ပင်မှာတန်းလန်းကြီးစိုက်မိသလို ဖြစ်နေသည်။

လက်မည်းကြီးသည် နာကျင်လွန်း၍ ရုန်းကန်ရင်း ပတ်ဝန်းကျင်ကို လွှမ်းမိုးသွားခြင်းဖြစ်သည်။

လက်မည်းကြီးသည် နာကျင်သွားတဲ့အတွက် ရုန်းကန်နေသည်။ အားလုံး ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေကြသည်။

"ဟော့ကောင်တွေ ဘာလုပ်နေတာလဲ။ ဓါးနဲ့လက်ကိုခုတ်ဖြတ်လေကွာ"

"အေး. . . ဟုတ်သားပဲ"

ဓါးနှင့်ခုတ်ရန် ကြိုးစားနေသည်။

"ဟာ ဘာကြီးလဲဟ"

"သရဲကြီး သရဲကြီး"

လက်ကိုခုတ်ဖြတ်မယ့်ဓါး အနောက်ကို တွန့်ဆုတ်သွားသည်။

မည်းမည်းအကောင်ကြီးသည် သစ်ပင်ကွယ်ရာမှ ထွက်လာသည်၊ တစ်ကိုယ်လုံး မည်းနက်နေသည်။

မြင်စရာဟူ၍ မျက်လုံးနှစ်လုံးသာရှိသည်။

မြှောက်တင်ထားတဲ့လက်ဓါးသည် လမ်းတစ်ဝက်တွင် ရပ်သွားသည်။

၎င်းတို့သည် ထိတ်လန့်ခြင်းများစွာဖြင့် ကြည့်နေကြသည်။ အလွန်တုန်လှုပ်အံ့သြနေကြသည်။

"ဟီး ဟီး ဟီး"

ထွက်ပေါ်လာတဲ့အသံတွေကြောင့် ကြက်သီးများထလာသည်။

"ဟော့ကောင်တွေ အနောက်ဆုတ်ကြ"



www.burmeseclassic.com

www.burmeseclassic.com

"မင်းဘာလုပ်မလို့လဲ"

"ဟော့ ငါ့စကားကိုသာ နားထောင်ကြကွာ၊ တော်ကြာ အားလုံးဒုက္ခရောက်ကုန်လိမ့်မယ်"

**ကျော်လင်းသူစကားကိုနားထောင်ပြီး အနောက်ကိုဆုတ်နေကြပေမယ့် ဘာလုပ်မည်ဆိုတာ မသိအောင်ဖြစ်နေကြသည်။**

သူရိန်တွန်းတို့သည် စကားကိုနားထောင်ပြီး အနောက်ကိုဆုတ်လိုက်ကြသည်။

ကျော်လင်းသူသည် အားလုံးကို စကားတစ်ခွန်းပြောလိုက်သည်။

၎င်းစကားကို အားလုံးလက်ခံကြသည်။

မည်းမည်းအကောင်ကြီးသည် တဖြည်းဖြည်းနှင့် ထွက်လာသည်။

ကျော်လင်းသူသည် လှံကို တင်းကြပ်စွာဆုတ်ကိုင်လိုက်သည်။

"ရော. . ."

"ဒုတ်"

"ဝူး. . . ဝူး"

**"ဟော့ကောင်တွေ ပြေး ပြေး"**

အားလုံးသည် ခြေဦးတည့်ရာကို ပြေးနေကြသည်။

မည်းမည်းအကောင်ကြီးသည် လှံအထိုးခံလိုက်ရ၍ အနောက်ကို ယိမ်းယိုင်သွားသည်။

လှံသည် အာခေါင်တည့်တည့်ကို ထိုးမိသွားသည်။

နှာကျင်မှုများအပြင် ဒေါသများထွက်သွားသည်။

အကောင်ကြီးသည် လှံကိုဆွဲနှုတ်လိုက်ချိန်တွင် အနောက်ကို ယိမ်းယိုင်သွားသည်။

ဒေါသများထွက်လာသည်။





ပါးစပ်တွင် သွေးများထွက်ကျလာသည်။

၎င်းသည် လက်တွင်းမှာကိုင်ထားတဲ့လှံကို အဝေးကိုပစ်ထုတ်လိုက်သည်။

ထို့နောက် ပြေးနေတဲ့သူရိန်တို့အနောက်ကို လိုက်နေသည်။

သူရိန်တို့သည် အသက်ဘေးမှလွတ်မြောက်ရန်ကိုသာ ဦးတည်နေကြသည်။

ပါလာတဲ့ပစ္စည်းတွေကိုယူရမှန်းမသိအောင် ဖြစ်နေသည်။

အကောင်ကြီးသည် လိုက်ရင်းနှင့် တဖြည်းဖြည်းမှီလာသည်။

ခက်ခဲတဲ့အချိန်ကိုရောက်နေသည်။ ပြေးနေတဲ့လမ်းကိုဖြတ်ပြီးတောင်ထန့်လန့်ခံနေသည်။

"ဟော့ကောင်တွေ မြန်မြန်လာကြ"

"အနောက်မှာ နီးကပ်လာပြီ"

"ငါတို့ကို မစိုးရိမ်နဲ့၊ မင်းသာပြေး"

တိတ်ဆိတ်တဲ့ပတ်ဝန်းကျင်တွင် ဆူညံစွာ လွှမ်းမိုးနေသည်။

သူရိန်တို့သည် တစ်ယောက်အပေါ် တစ်ယောက်စိုးရိမ်နေကြသည်။

မည်းမည်းအကောင်ကြီးကို သူရဲကောင်းလုပ်ပြီး ရင်ဆိုင်ဖို့ဆိုတာ လွယ်ကူတဲ့အရာမဟုတ်။

အသက်ဘေးကိုတောင် စိုးရိမ်နေကြရသည်။

၎င်းတို့သည် တောင်ပေါ်ကို ပြေးတက်နေကြသည်။

♣♣♣


www.burmeseclassic.com

www.burmeseclassic.com


## အခန်း – (၅)

"ဇော်ဝမ်း အသံတွေကြားနေရတယ်။ ဘာသံတွေလဲ။ နားထောင်ကြစမ်း"

အောင်မိုးသူရဲ့စကားကြောင့် အသံလာရာကို ဂရုစိုက်လိုက်ကြသည်။

အသံများသည် ပတ်ဝန်းကျင်ကို လွှမ်းမိုးနေသည်။

တစ်တောလုံး ဆူညံစွာ လွှမ်းမိုးနေသည်။

ဇော်ဝမ်းသည် အသံလာရာကို ကြည့်နေသည်။ အသံလာရာကိုတွေ့ လိုက်ရ၍ စိုးရိမ်စိတ်များဖြစ်ပေါ်လာသည်။

"မိုးကြီး သူရိန်တို့ ဖြစ်မယ်ထင်တယ်ကွ"

"ဟာ ဖြစ်နိုင်တယ်၊ ဘာဖြစ်တယ်မသိဘူး၊ သွားကြည့်ကြရအောင်"

"ဟေ့ကောင် အတင့်မရဲကြနဲ့။ လက်နက်တွေ အသင့်ပြင်ထားကြ။ ဒီအသံက မရိုးသားဘူး"

"ဖြစ်နိုင်တယ် ချစ်စု၊ လာ ငါတို့အခုပဲ သွားကြမယ်"

"ကောင်လေးတွေ သတိထား"

ထိုသို့ပြောပြီးနောက် အသံကြားရကို ထွက်လာကြသည်။

တကယ်တော့ ဇော်ဝမ်းတို့ရောက်ရှိနေတဲ့နေရာနှင့် အသံကြားရတဲ့


www.burmeseclassic.com

www.burmeseclassic.com

နေရာတ သိပ်မဝေး။ အလယ်မှာ တောင်တစ်ခုသာခြားနားသည်။

၎င်းတို့သည် တောင်ပေါ်ကို ရောက်ရှိလာကြသည်။ တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် အလွန်အံ့ဩသွားသည်။

လျှောက်လှမ်းနေတဲ့ ခြေလှမ်းများ ရုတ်တရက်ရပ်သွားသည်။

အားလုံးသစ်ပင်တွေကို အကွယ်ပြုလိုက်ကြသည်။

တောင်ပေါ်ကို အရိပ်သုံးခုတက်လာသည်။ အနောက်မှာ ကြီးမားတဲ့ မည်းမည်းအရိပ်ကြီးလိုက်ပါလာသည်။

၎င်းတို့သည် တောင်ပေါ်မှာရှိနေတဲ့ ဇော်ဝမ်းတို့အဖွဲ့ကို မတွေ့ကြပေ။ အပေါ်ကိုသာ တက်လာကြသည်။

"ဘယ်သူတွေလဲ"

"အစ်ကိုဇော်ဝမ်း ကျွန်တော်တို့ပါ။ အနောက်ကလိုက်လာလို့ ပြေးနေတာ"

"အေး မင်းတို့လူစုခွဲလိုက်ကြ"

"အဲဒီအကောင်ကြီးကို ပစ်ရမှာပေါ့"

"အေး ကောင်းတယ်၊ အတူတူပစ်ကြမယ်။ မိုးကြီး အသင့်ဖြစ်ပြီလား"

"ဖြစ်နေပြီ"

"ဒါဆို ပစ်မယ်"

"ပစ်"

"ဒိုး ဒိုး ဒိုး"

၎င်းတို့သည် လေးဖြင့်ပစ်လိုက်သည်။

မည်းမည်းအကောင်ကြီးထံ ဦးတည်လိုက်ပေမယ့် လေသီးသွားနေတာကိုတော့ မတွေ့ကြရပေ။

တစ်ခုခုကို ထိမှန်သွားမည်ဟု ထင်မှတ်နေသည်။

"ဖုန်း ဖုန်း"





ထိမှန်တဲ့အသံနှင့်အတူ မည်းမည်းအကောင်ကြီး လိမ့်ကျသွားသည်။

အားလုံးသည် လိမ့်ကျသွားတဲ့ မည်းမည်းအကောင်ကြီးကို ကြည့်နေကြသည်။ စိတ်ထဲတွင် ၎င်းတို့ရဲ့လုပ်ရပ်အတွက် အလွန်ဝမ်းသာကုန်ကြသည်။

"ဝူး ဝူး ဝူး"

တွေ့လိုက်ရတဲ့မြင်ကွင်းအတွက် အလွန်အံ့ဩတုန်လှုပ်ကုန်ကြသည်။ လိမ့်ကျသွားတဲ့အကောင်ကြီးသည် တောင်ပေါ်ကိုတက်လာသည်။

ဇော်ဝမ်းတို့အဖွဲ့သည် ရုတ်တရက်ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။

"ဟော့ ဟိုမှာတက်လာပြီ။ ဘာလုပ်ကြမလဲ"

"ဆက်ပြီးပစ်ကြကွာ။ ဒီအကောင်က ငါတို့ကိုဒုက္ခပေးနိုင်တာယ်ကွ"

"ဟုတ်တယ် ပစ်ကြကွာ"

"ရော ဝေါ ဝေါ"

"ဖုန်း ဖုန်း"

အကောင်ကြီးသည် ထိမှန်သွားသည့်အတွက် ကိုယ်ခန္ဓာကြီး ယိမ်းယိုင်သွားသည်။

စောစောကလို လိမ့်ကျသွားခြင်းမရှိ။

အကောင်ကြီးသည် တောင်ပေါ်ကိုရောက်အောင် တက်လာသည်။

ဇော်ဝမ်း၊ မိုးစည်သူ၊ ချစ်စုတို့သည် မည်းမည်းအကောင်ကြီးကို လေးဖြင့် ပစ်နေကြသည်။

အကောင်ကြီးသည် တောင်ပေါ်ကို အရောက်တက်နေကြသည်။

"ဟော့ကောင်တွေ ဘာဆက်လုပ်မလဲ။ လေသီးတွေ ကုန်တော့မယ်"

"သူရိန်တို့ ဘာလုပ်နေကြတာလဲ။ ဒီကို အမြန်လာကြ"

"ကျွန်တော်တို့ ရောက်လာပါပြီ"


www.burmeseclassic.com

www.burmeseclassic.com



"သစ်ရွက်တွေကို မီးရှို့ကြကွာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

"ထွန်းထွန်း မီးခြစ်ပေးကွာ"

"အေး. . . အေး မင်းတို့ သစ်ရွက်တွေ စုပုံကြ"

ထိုသို့ပြောပြီးနောက် မီးရှို့လိုက်သည်။

ဗ‌ုင်းအချိန်တွင် လေကတိုက်ခတ်လာသည်။ လေရဲ့တိုက်ခတ်မှုကြောင့် ပတ်ဝန်းကျင်ကို လင်းထိန်လာသည်။

အားလုံးသည် တောင်ပေါ်ကနေ ကြည့်နေသည်။

မီးများသည် မည်းမည်းအကောင်ကြီးထံ ဦးတည်နေသည်။

ဒေါသထွက်နေတဲ့အကောင်ကြီးသည် မီးများကို ရင်ဆိုင်ပြီး တက်လာသည်။

"ဟေ့ ငါတို့ဘာဆက်လုပ်ကြမလဲ"

"မီးမလာတဲ့ဘက်ကို ရှောင်ကြမယ်"

"အေး. . . ကောင်းတယ်၊ အနောက်က သေနတ်နဲ့ပစ်ကြမယ်"

ထိုသို့ပြောပြီးနောက် ဗ‌ုင်းတို့သည် မီးမလာတဲ့ဘက်ကို ဦးတည်ထွက်လာကြသည်။

အကောင်ကြီးကို မီးများစွဲလောင်နေသည်။

အကောင်ကြီးရဲ့ ကိုယ်ပေါ်က အမွေးများကို မီးစွဲလောင်နေသည်။

"ဝူး ဝူး ဝူး"

မီးရဲ့အပူရှိန်ကြောင့် အကောင်ကြီးသည် ယိမ်းယိုင်နေသည်။

ထို့အတူ မီးများက အကောင်ကြီးရဲ့ထူထပ်တဲ့ကိုယ်ပေါ်က အမွေးများ မီးလောင်ကျွမ်းနေသည်။

သူရိန်တို့အဖွဲ့သည် အကောင်ကြီးကိုကြည့်ပြီး ရုတ်တရက် အဖြေထုတ်မရအောင် ဖြစ်နေသည်။





ဘယ်လိုပင်ဖြစ်စေ၊ အကောင်ကြီးသည် တောင်ပေါ်ကို ရောက်အောင် တက်နေသည်။

"ဟေ့ ကောင်လေးတွေ ပြေးကြလေ။ ဘာလုပ်နေတာလဲ"

"ကျွန်တော်တို့ ဘယ်ကိုပြေးရမှာလဲ ကိုမိုးကြီး"

"သေချာနားထောင်၊ ငါပြောမယ်၊ ခုန မင်းတို့လာတဲ့နေရာဘက်ကိုပဲ ပြေး၊ ငါတို့ ဒီကောင်ကြီး တောင်ပေါ်ရောက်လာအောင်ခေါ်မယ်။ ဟိုဘက်ကနေပြေး ကြားလား၊ ငါတို့အသံကိုလည်း နားထောင်နေကြအုံး"

"ဟုတ်ကဲ့"

ထိုသို့ပြောပြီးနောက် သူရိန်တို့အဖွဲ့သည် မိုးစည်သူပြောစကားကို နားထောင်ပြီး ထွက်ပြေးကြသည်။

အကောင်ကြီးသည် လောင်နေတဲ့မီးများကြားက တောင်ပေါ်ကို ဦးတည်နေသည်။

တောင်ပေါ်တွင် ဇော်ဝမ်းတို့ရှိနေကြသည်။

"ဇော်ဝမ်း မင်းဘာလုပ်မလို့လဲ"

"ဘာလုပ်ရမှာလဲ ချစ်စုရာ၊ ဒီအကောင်ကြီးကို ပစ်မယ်လေကွာ"

"မင်းကလည်းကွာ၊ အရေးဆို ပစ်မယ်ဆိုတာပဲ"

"ဟာ. . . မင်းတို့ကလည်းကွာ၊ ရန်သူကို ဘယ်လိုမှ အထင်မသေးရဘူး အထင်သေးရင် ကိုယ်ပဲအခက်တွေ့မှာ"

"ဒိုင်း"

"ဝေါ. . . ဝေါ. . . ဝေါ"

"ဝေါင်း"

ကျယ်လောင်စွာ ထွက်ပေါ်လာတဲ့အသံသည် ပတ်ဝန်းကျင်တစ်ခုလုံး ကျယ်လောင်စွာ လွှမ်းမိုးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

အကောင်ကြီးသည် ဇော်ဝမ်းရဲ့သေနတ်ကျည်ထိမှန်သွားသည်ဆိုတာ သိလိုက်ရသည်။

"ဇော်ဝမ်းသည် သေနတ်ပစ်တာ အလွန်ဝါသနာပါသည်။

ယခုလို တောလိုက်တာသည် သေနတ်ပစ်ချင်တဲ့အတွက်ကြောင့်ဖြစ်သည်။

သေနတ်သာပစ်နေရရင် ပျော်ရွှင်နေသည်။ ထို့ကြောင့် သေနတ်ဇော်ဝမ်း ဟု ခေါ်နေကြသည်။

ဇော်ဝမ်းသည် စိတ်နှင့်အမြင်မတော်ရင် တွေ့တဲ့အကောင် အကုန်ပစ်သည်။ ရေထဲက ငါးတောင်အလွတ်မပေး။

ယခုလည်း မိုးစည်သူတို့တားနေလျက်နှင့် ပစ်လိုက်သည်။

အကောင်ကြီးသည် အောက်ကိုလိမ့်ကျသွားသည်။ အလွန်အံ့ဩကုန်ကြသည်။

ဇော်ဝမ်းကတော့ အလွန်ပျော်ရွှင်နေသည်။

"ဒီပွဲတော့ အောင်သွားပြီကွာ။ မနက်ကျရင် ဘာကောင်ကြီးဆိုတာ သိရမယ်"

"ဝက်ဝံပဲဖြစ်ရမယ်၊ ဝက်ဝံသအသားစားရတာပေါ့ကွာ"

"ဝက်ဝံမဟုတ်ဘဲ သရဲဖြစ်နေမှ"

"သရဲဆိုလည်း မြင်ဖူးတာပေါ့ကွာ၊ သူများပြောတာနဲ့ လက်တွေ့မြင်ရတာပေါ့ကွာ"

"သရဲကို အရက်နဲ့မြည်းရင်ကောင်းမယ်"

"ဟာ. . . အရက်သမားကတမျောင့်၊ ဟေ့. . . ထွန်းထွန်း၊ မင်းအသာနေစမ်းကွာ"

"ဟုတ်ကဲ့"

ချစ်စုပြောလိုက်တာကြောင့် ထွန်းထွန်းဘာပြောရမှန်းမသိအောင် ဖြစ်





သွားသည်။

ဇင်းတို့သည် အကြီးစကားကို အငယ်တွေက နားထောင်ကြရသည်။ ဇော်ဝမ်းတို့သည် လိမ့်ကျသွားတဲ့အကောင်ကြီးအနောက်ကို ဆက်မလိုက်ဘဲ ထိုနေရာတွင် စောင့်ဆိုင်းနေကြရသည်။

ထိုအချိန်တွင် မိုးလင်းလာသည်။ အားလုံးသည် ညတုန်းကပစ်လိုက်တဲ့ အကောင်ကြီးကို လိုက်ရှာဖွေနေကြသည်။

♣♣♣


www.burmeseclassic.com

www.burmeseclassic.com



## အခန်း – (၆)

လက်တွေ့နှင့်စိတ်ကူးက အလွန်ကွာခြားနေသည်။

ထိုအတွက်ကြောင့်လည်း အစကတုန်လှုပ်ချောက်ချားခဲ့ရသည်။

ဇော်ဝမ်းတို့အဖွဲ့သည် သေနတ်နှင့်ပစ်လိုက်တဲ့အကောင်ကြီးကို မနက်လင်းတာနှင့် တွေ့ရမည်ဟု စိတ်ကူးထားကြသည်။

တကယ်တမ်း မိုးစင်စင်လင်းတော့ ညက အကောင်ကြီးကို လိုက်ရှာကြသည်။ ဘယ်လိုအစအနမှ မတွေ့ရ၍ လက်လျှော့လိုက်ကြရသည်။

ထိုအချိန်မှာ အလွန်ထူးဆန်းတဲ့ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့လိုက်ရသည်မှာ တခြားကြောင့်မဟုတ်။

ဇော်ဝမ်းတို့ထောင်ထားတဲ့ သုတ်ကိုင်းမှာ သမင်တစ်ကောင်မိနေသည်။ သမင်ရဲ့ကိုယ်မှာ သေနတ်ဒဏ်ရာတစ်ခုတွေ့ရသည်။

ညက မည်းမည်းအကောင်ကြီးဟာ ဘယ်လိုပုံစံနှင့်သမင်ဖြစ်သွားတာလဲ။

သမင်ကြီးများလား။

တကယ်တော့ ထိုအကောင်ကြီးက သမင်မဟုတ်တာ သေချာသည်။ မည်းမည်းအကောင်ကြီးက ပုံစံပြောင်းလိုက်တာလား၊ စဉ်းစားမှုများစွာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရွာကိုပြန်လာကြသည်။

၎င်းအဖြစ်အပျက်ကိုပြောပြလိုက်တော့ လူကြီးတွေက အလွန်အံ့သြနေကြသည်။ မယုံကြည်မှုတွေလည်းရှိနေသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဇော်ဝမ်းတို့အဖွဲ့က သမင်သားနှင့် အောင်ပွဲခံနေကြသည်။

"ဘာမှမဖြစ်ပါဘူးကွာ၊ မင်းတို့ကလဲကွာ။ ကြောက်တတ်လိုက်တာ"

"ဟာ. . . ကိုမိုးကြီးကလဲ၊ သရဲများဖြစ်နေမလားလို့"

"ဟကောင်တွေရ သရဲအသားစားရတော့လည်း ပိုကောင်းတာပေါ့၊ သရဲကိုနိုင်တယ်၊ သူတို့က ထွက်ပြေးကြမှာပေါ့ကွာ"

"မင်းတို့ပဲ သရဲကိုနိုင်ချင်တယ်ဆို"

"မဟုတ်တာတွေကွာ၊ မင်းတို့မှာ ဦးနှောက်မရှိကြဘူးလား"

"ကျွန်တော်တို့က နားမလည်လို့ပါဗျာ"

"နားမလည်ရအောင် မင်းတို့မှာ ဦးနှောက်မရှိကြဘူးလားကွာ၊ သေချာလည်း စဉ်းစားပါအုံး"

"ညက ကိုဇော်ဝမ်းပစ်တာ အကောင်ကြီးကိုထိသွားတယ် မဟုတ်လား"

"ထိသွားတယ်လေ"

"အခုမိထားတဲ့အကောင်ကြီးကလည်း သေနတ်ဒဏ်ရာကြီးနဲ့ဆိုတော့ သရဲက သမင်ယောင်ဆောင်လိုက်တာ မဖြစ်နိုင်ဘူးလား"

"တော်တော်ညံ့တဲ့အကောင်တွေပဲ"

ကိုဇော်ဝမ်းသည် ပြောရင်းနှင့် ဒေါသထွက်နေသည်။

၎င်းတို့ကို မကျေနပ်တဲ့အကြည့်မျိုးဖြင့် ကြည့်နေသည်။

ထို့နောက် ဇော်ဝမ်းသည် သမင်သားတစ်တုံးကို ယူစားလိုက်သည်။ သူရိန်တို့သည် ပြောချင်ပေမယ့် ဇော်ဝမ်းကိုကြောက်နေရ၍ ပြန်ပြောရန်





ခက်နေသည်။

မိုးစည်သူသည် ဇော်ဝမ်းရဲ့လုပ်ရပ်ကို ထောက်ခံသည့်သဘော အသားကို ယူစားလိုက်သည်။

"ပထမကျောင်းထိုင်ဆရာတော်ကြီးက စားလို့ရတယ်လို့ မိန့်တော်မူသလို လက်ရှိဆရာတော်ဦးပဏ္ဍဝကလည်း အဲဒီလိုပဲ မိန့်တော်မူတယ်"

"ကျွန်တော်တို့နားမလည်ဘူးဖြစ်နေတယ်"

"အေး. . . ငါစကားပြောလော့သွားတယ်၊ ဒီလိုကွာ၊ တစ်ချိန်က ဦးမြော်နဲ့ ဒေါ်သောင်းတင်ဆိုတာရှိတယ်။ သူတို့က တောကြက်ထောင်တဲ့အလုပ်ကို လုပ်ကိုင်ကြတယ်။ ညဥ့်နက်လာရင် ကြက်ဖတစ်ကောင်ရယ်၊ ထမင်းထုပ်ရယ် ကိုယူပြီး တောထဲကိုသွားပြီး ကြက်ထောင်ကြတယ်"

"တစ်နေ့လိုပဲ ပြောရအောင်၊ ဦးမြော်တို့ဇနီးမောင်နှံဟာ တောထဲကို ကြက်ထောင်ဖို့ထွက်ခဲ့တယ်။ အချိန်က စောနေတော့ သစ်ပင်ကြီးတစ်ပင် အောက်မှာ အနားယူပြီး စောင့်နေကြတယ်။ အဲဒီအချိန်မှာ သရဲကြီးတစ်ကောင် ရောက်လာတယ်တဲ့ကွာ"

"ဟာ. . . ကြောက်စရာကြီး"

"ငါတို့သာဆို မလွယ်ဘူး၊ သေနိုင်တယ်"

ကျော်လင်းသူတို့အဖွဲ့သည် ကြက်သီးများထလာသည်။

ထိတ်လန့်စိတ်များ ထွက်ပေါ်လာသည်။

ပြောလိုက်တဲ့စကားကိုလည်း စိတ်ဝင်စားနေသည်။ ရှေ့မှာချထားတဲ့ အရက်ခွက်ကိုသောက်ရန် ဝန်လေးနေသည်။

ဇော်ဝမ်းသည် အရက်ကိုအေးဆေးစွာ သောက်နေသည်။

ထွန်းလင်းအောင်နှင့် ထွန်းကွန်းတို့က ကိုဇော်ဝမ်းပြောလာမယ့် စကားများကိုသာ စိတ်ဝင်စားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုဇော်ဝမ်း ဆက်ပြောလေ"

"အေးလေ ပြောလိုက်လေကွာ"

"အေးပါကွာ၊ နည်းနည်းသောက်ပါရစေအုံး"

ထိုသို့ပြောပြီး အရက်ကိုမော့သောက်လိုက်သည်။

"ဝုန်း"

"အမလေးဗျာ"

"ဟေ ဘာဖြစ်တာလဲ"

ထွက်ပေါ်လာတဲ့အသံကြောင့် အထိတ်တလန့် ဖြစ်ကုန်ကြသည်။

အသံမှာ တခြားမဟုတ်၊ မလှမ်းမကမ်းမှလူတစ်ယောက် ခလုတ်တိုက်ပြီး လဲသွားခြင်းဖြစ်သည်။

BURMESE CLASSIC .com

ထိုလူက တောင်းပန်သည်။

အားလုံးကျေနပ်သွားကြသည်။

"လျှာကြီးက ရှည်ပြီးကျနေတာတဲ့။ အကောင်ကြီးက ထမင်းနဲ့ဟင်းကို လက်ညှိုးထိုးပြတယ်တဲ့။ ဦးမြောကမေးလိုက်တော့ အကုန်လုံးစားလိုက်တယ်တဲ့။ ထမင်းလည်းစားပြီးရော ကြက်ဖကြီးကို လက်ညှိုးနဲ့ထိုးတယ်တဲ့၊ ဒါကိုလည်း ပေးလိုက်တယ်တဲ့။ ကြက်ကိုလည်းစားလိုက်တယ်တဲ့။ အဲဒါတွေစားပြီးတော့ ထွက်သွားမယ်လို့ ထင်နေတာတဲ့။ မထွက်သေးဘဲနဲ့ အိပ်နေတဲ့ ဒေါ်သောင်းကို တောင်းပြန်တယ်တဲ့"

"ဟာ. . . ယုတ်မာလိုက်တာ"

"ဒါနဲ့ အဘမြောက ပေးလိုက်သလား ကိုဇော်ဝမ်း"

"ဦးမြောဟာ အစက အလွန်ထိတ်လန့်သွားတယ်၊ ရုတ်တရက်ဘာလုပ်ရမန်းမသိအောင် ဖြစ်သွားကယ်ဘဲ။ စိတ်ထဲမှာလည်း မကျေမနပ်ဖြစ်နေတယ်တဲ့။ အကောင်ကြီးကလည်း ဒေါ်သောင်းကိုပဲ လက်ညှိုးထိုးပြီး တောင်း





နေတယ်တဲ့ကွာ"

"ဒေါ်သောင်းက မသိဘူးလား အစ်ကိုဇော်ဝမ်း"

"အိပ်ပျော်နေလို့ မသိဘူးတဲ့ကွာ၊ နောက်ဆုံးတော့ အကြံတစ်ခုရလာတယ်တဲ့။ ဦးမြောလည်း ပေါ်လာတဲ့အကြံကို ချက်ချင်းအကောင်အထည်ဖော်လိုက်တော့မှ အကောင်ကြီးလည်း ယေ်သံပါအောင်အော်ပြီး ထွက်ပြေးသွားတယ်တဲ့ကွာ"

"ဘယ်လိုလုပ်လိုက်တာလဲ အစ်ကိုဇော်ဝမ်း"

"ဘာလုပ်ရမှာလဲကွာ အသင့်ပါလာတဲ့လှံတိုနဲ့ ပါးစပ်အတွင်းကို ပစ်သွင်းလိုက်တာပေါ့ကွာ"

"ဟာ အလွန်သတ္တိရှိတာပဲနော်"

"ချီးကျူးတယ်၊ ငါတို့သာဆို သေနိုင်တယ်"

"ဒါနဲ့ အဲဒီအကောင်ကြီးသေသွားလား၊ အစ်ကိုဇော်ဝမ်း"

"သေသွားတာပေါ့ကွာ၊ သေတာတောင် ရိုးရိုးမသေဘူး၊ ကျောက်ကွင်းမှာ မိပြီးသေနေတာ"

"ဗျာ ဘယ်လို"

ဇော်ဝမ်းစကားကို အားလုံးစိတ်ဝင်စားကုန်ကြသည်။ ဇော်ဝမ်းသည် အချိန်တိုအတွင်းပြောပြီးနိုင်ပေမယ့် စိတ်ဝင်စားမှုနည်းမှာစိုးရိမ်၍ အချိန်ဆွဲကာ ပြောနေခြင်းဖြစ်သည်။

ယခုပြောတဲ့အကြောင်းသည် အလွန်စိတ်ဝင်စားကြသည်။

အကြောင်းအရာကို အချိန်ဆွဲပြောနေ၍ မကျေမနပ်ဖြစ်နေကြသည်။

အကြောင်းအရာကိုမြန်မြန်ပြီးစေချင်ကြသည်။ စိတ်ဝင်စားမှုအမြင့်ဆုံးအချိန်မှာ ရပ်ထားသည်။

ထိုအတွက်ကြောင့် မကျေမနပ်ဖြစ်ပေမယ့် မပြောရဲ၍ တိတ်ဆိတ်စွာ



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေရသည်။

ဇော်ဝမ်းသည် အရက်ကို အေးဆေးစွာ သောက်နေသည်။

"အကောင်ကြီးဟာ ပါးစပ်မှာ လှံစိုက်ခံရတော့ အော်ဟစ်ပြီး ထွက်ပြေးသွားတယ်။ မနက်လင်းကာနီးတော့ ဦးမြော့ဟာဇနီးသည် ဒေါ်သောင်းကို နှိုးပြီး အကောင်ကြီးထံပါသွားတဲ့ လှံတိုကိုလိုက်ရှာဖို့ ထွက်လာတော့တာပေါ့ကွာ၊ ဦးမြော့တို့ဇနီးမောင်နှံအတွက် အလွန်အံ့ဩစရာကောင်းတဲ့မြင်ကွင်းတစ်ခုပေါ့၊ သမင်တစ်ကောင်ဟာ လှံတန်းလန်းနဲ့ ထောင်ချောက်တစ်ခုမှာ မိနေတယ်"

ဦးမြော့တို့ဇနီးမောင်နှံက အံ့ဩစွာကြည့်နေချိန်တွင် ထောင်ချောက်ပိုင်ရှင်များရောက်လာတယ်။ သူတို့က တခြားသူတွေမဟုတ်ကြဘူး။ ထောင်ချောက်ငတိုးလို့ နာမည်ကြီးနေတဲ့ မုဆိုးကြီးကိုတိုးပဲ။ ကိုတိုးဟာ အလွန်သဘောကောင်းပြီး မုဆိုးပီသတယ်။ ဦးမြော့တို့ဟာ သမင်ကိုဖြုတ်နေချိန်မှာ မုဆိုးကြီးငတိုးရောက်လာတယ်။ ဦးမြော့တို့က အကြောင်းအကျိုးရှင်းပြတော့ သဘောပေါက်သွားတယ်။ အဲဒီလိုနဲ့ ဦးမြော့တို့ဟာ သမင်ကို တစ်ယောက် တစ်ဝက်ခွဲယူလိုက်ကြတယ်။ ပြီးတော့ ဆရာတော်ကိုသွားလျှောက်တော့ စားလို့ရတယ် ပြောတယ်။ အဲဒါနဲ့ သမင်ရဲ့အသားကိုချက်ပြီး ကျောင်းကိုပို့သလို သူတို့လည်းစားကြတယ်"

"အဲဒီလိုစားတော့ ဘာဖြစ်ကြသေးလဲ ကိုဇော်ဝမ်း"

"ဘာဖြစ်ရမှာလဲကွာ၊ ဆရာတော်ကိုယ်တိုင်ကစားလို့ရတယ်ပြောတာပဲ စားကြတာပေါ့။ ဒါနဲ့ သူရိန် မင်းဆိုင်းဆရာလုပ်မယ်ဆိုရင် အဲဒါတွေကို ခံနိုင်ဖို့လိုတယ်။ သရဲ ဥစ္စာစောင့်၊ အယောင်အဆောင်တွေရောက်လာတတ်တယ်ကွာ"

ဇော်ဝမ်းရဲ့စကားကြောင့် သူရိန်အလွန်ထိတ်လန့်သွားသည်။





ဆိုင်းတီးတာကို အလွန်ဝါသနာပါသူတစ်ယောက်ဖြစ်သည်။ ဆိုင်းလောကတွင် ကျော်ကြားသူတစ်ယောက်ဖြစ်ရမည်ဟု ထင်မှတ်ထားသည်။ ချစ်သူဘရဏီနှင့် အနီးရှိသူများက တားမြစ်နေကြသည်။

ယခု ကိုဇော်ဝမ်းပြောစကားသည် သူရိန်အတွက် အနှောင့်အယှက်ဖြစ်ရသည်။ ဘရဏီကိုယ်တိုင်ကလည်း ကိုဇော်ဝမ်းတို့ကို တားမြစ်ခိုင်းနေသည်။ ကိုဇော်ဝမ်းတို့က ဘရဏီကို ကတိပေးလိုက်သည်။

"ကိုဇော်ဝမ်းကြားပြီးပြီလား"

"ဘာကြားရမှာလဲကွာ။ မင်းအရက်သောက်ချင်ရင်သောက်ပြီး ပြန်သွားကွာ"

"အရက်သောက်ဖို့လာတာမဟုတ်ပါဘူး အစ်ကိုဇော်ဝမ်း၊ သတင်းထူးပေးဖို့လာတာပါ"

"ဘာသတင်းထူးလဲပြော၊ ဟုတ်ရင်ဟုတ်၊ မဟုတ်လို့ကတော့ ငါ့အကြောင်းမင်းသိတယ်မဟုတ်လား"

"အစ်ကိုဇော်ဝမ်းကလည်းဗျာ၊ ကျွန်တော်ကိုဘယ်တော့မှ အကောင်းမမြင်တတ်ဘူး၊ အခုပြောမှာက အလွန်အံ့ဩစရာကောင်းတဲ့သတင်းပဲ။ မုဆိုးကြီးဖိုးထော်က မီးလောင်ထားတဲ့လူ့ဝံကြီးတစ်ကောင်ရလာတယ်၊ ရင်ဝမှာ သေနတ်ဒဏ်ရာကြီးနဲ့တဲ့"

"အစ်ကိုဇော်ဝမ်း အဲဒါ ကျွန်တော်တို့နဲ့တွေ့တဲ့ အကောင်ကြီးများဖြစ်နေမလားမသိဘူး"

"ဖြစ်မလားမဟုတ်ဘူး၊ ဖြစ်နိုင်တယ်"

"ဇော်ဝမ်း ငါတို့ဘာဆက်လုပ်မလဲ"

"ဘာလုပ်ရမှာလဲကွာ၊ သူနဲ့ထိုက်လို့ရသွားတာပဲ၊ တစ်ခုပဲရှိတယ်၊ အဲဒီအကောင်ကြီးကိုတော့ ကြည့်ချင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဘာကြောင့်ကြည့်မှာလဲ"

"ငါ့ပစ်ချက်က ဘယ်လောက်ပစ်ကွင်းကိုမှန်မယ်ဆိုတာပေါ့"

"မင်းကလဲကွာ၊ အရှူးထနေပြန်ပြီ"

"ဘယ်လိုပဲဖြစ်ဖြစ် သွားမယ်ကွာ၊ မင်းတို့မလိုက်ရင်နေခဲ့ကြ၊ ငါကတော့ သွားရမှာပဲ"

ထိုသို့ပြောပြီးနောက် ဇော်ဝမ်းသည် လက်ကျန်အရက်ကိုသောက်လိုက်သည်။ ဇော်ဝမ်းသည် ပြောတဲ့အတိုင်းလုပ်တတ်သည်။ ယခုသွားမယ့်နေရာကို ဘယ်သူမှ တားမရအောင် ဖြစ်နေသည်။

ဇော်ဝမ်းသွားမည်ဆိုတော့ အားလုံးလိုက်ဖို့ဟန်ပြင်နေကြသည်။

"ကဲ သွားမယ်"

"ကျွန်တော်တို့လိုက်မယ်"

"ကျွန်တော်လည်း လိုက်မယ်"

"လိုက်ခဲ့လို့ရတယ်၊ သူရိန်မလိုက်ခဲ့နဲ့၊ မင်းကို ဆရာတော်ခေါ်နေတယ်၊ မင်းရဲ့ဆိုင်းပိုင်ရှင်မိသားစု ခရီးသွားစရာရှိလို့တဲ့၊ အဲဒါ မင်းကို တာဝန်တွေပေးခဲ့မလို့တဲ့။ အခုပြန်တော့"

"ဟုတ်ကဲ့ အစ်ကိုဇော်ဝမ်း"

အားလုံးအရက်ဆိုင်ကို ကျောခိုင်းထွက်ခဲ့ကြသည်။

သူရိန်ကတော့ မလိုက်ရတာကို စိတ်မကောင်းပေမယ့် ဆရာတော်ခေါ်နေလို့ ကျောင်းကိုပြန်လာခဲ့လေသည်။



## အခန်း- (၅)

BURMESE CLASSIC .com

ချစ်သူဘရဏီနှင့် ဇော်ဝမ်းတို့အဖွဲ့က အပြင်းအထန်တားမြစ်တာကြောင့် ဆိုင်းလောကကို စွန့်လွှတ်ရန်စိတ်ကူးမိပေမယ့် ထိုစိတ်ကူး အကောင်အထည်ဖော်မရအောင် ဖြစ်သွားသည်။

သူရိန်သည် ဆိုင်းပညာကို ဆက်မသင်တော့ဘူး၊ တခြားစီးပွားရေးအလုပ်ကို လုပ်ကိုင်ရန် ဆုံးဖြတ်ထားသည်။

ဆိုင်းပိုင်ရှင်က အရေးတကြီး ခရီးထွက်ရန်ရှိနေ၍ ဆရာတော်ထံခွင့်ပန်ပြီး သူရိန်ကို အိမ်စောင့်အဖြစ် ထားခဲ့သည်။

သူရိန်သည် အိမ်စောင့်အဖြစ်နှင့် နေထိုင်ရာ တစ်ယောက်တည်း ပျင်းပျင်းရှိသည်နှင့် အသင့်ပြင်ထားတဲ့ ဆိုင်းဝိုင်းကို တီးနေသည်။

ဆိုင်းတီးတာ အလွန်ဝါသနာပါသူတစ်ယောက်အနေနဲ့ ဆိုင်းဝိုင်းတို့တွေ့လိုက်ရတော့ မနေနိုင်အောင် ဖြစ်သွားရသည်။

"မှောင် နှောင်. . . မှောင် နှောင် မှောင်"

"မှောင် နှောင်. . . မှောင် နှောင် မှောင်"

သူရိန်သည် ကြေးဝိုင်းကြီးအတွင်းကိုဝင်ကာ ရွှေကျေးတမာတေးသွားတို့


www.burmeseclassic.com

www.burmeseclassic.com

အသံစမ်းတဲ့အနေဖြင့် တီးနေသည်။

တိတ်ဆိတ်တဲ့အချိန်လေးမို့ တီးလိုက်တဲ့ကြေးမောင်းသံများက ပတ်ဝန်းကျင်တစ်ခုလုံးကို ကျယ်လောင်စွာ လွှမ်းမိုးနေသည်။

ဝါသနာကိုထိန်းချုပ်မရနိုင်တဲ့သူရိန်အတွက် ရေကန်အသင့် ကြာအသင့်ဖြစ်နေသည်။ သူရိန်သည် ဆိုင်းဝိုင်းများကို တစ်ဝိုင်းပြီးတစ်ဝိုင်း ကူးပြောင်းတီးခတ်နေသည်။ ကြေးမောင်းဝိုင်းကြီးကထွက်ပြီး ပတ်မကြီးနှင့် ခြောက်လုံးပတ်ဝိုင်းကို ဝင်လိုက်သည်။

သူရိန်သည် တက်ကြွတဲ့စိတ်များဖြင့် ခြောက်လုံးပတ်ဝိုင်းကို တရစပ်တီးလိုက်သည်။

"ဗေပုံ ဗေပုံထီ. . . ဗေပုံ ဗေပုံထီ"

"ဗေပုံ. . . ဗေပုံ. . . "

"ဗေပုံ. . . ဗေပုံ. . . ဗေပုံ. . . ဗေပုံ"

"ထီ. . . ထီ"

ထိုသို့တီးရင်း သူရိန်စိတ်များသည် အလွန်ဝမ်းသာကျေနပ်နေသည်။

သူရိန်သည် လက်ဇော့ယိမ်းတီးကွက်ကို ပြတ်သားစွာ တီးလိုက်သည်။ ၎င်းတီးကွက်ကို ဆိုင်းဆရာကိုယ်တိုင် သင်ကြားပေးထားခြင်းဖြစ်သည်။

သူရိန်သည် ဆိုင်းသာတီးနေရရင် ကမ္ဘာလောကကြီး ဘာဖြစ်နေသလဲ ဘာဖြစ်သွားပြီလဲ မသိအောင် ဖြစ်နေသည်။

အခုလိုဖြစ်ရသည်မှာ မိဘမရှိတဲ့အချက်က အခြေခံနေသည်။

သူရိန်သည် ငယ်စဉ်ဘဝတည်းက မိဘများမရှိတော့တာမို့ ရွာဦးကျောင်းဆရာတော်က ခေါ်ယူမွေးစားထားရသည်။

အရွယ်ရောက်လာတော့ ဆရာတော်ဦးပဏ္ဍိတက ဆိုင်းဆရာစိန်ဝင်းမြင့်ကို ခေါ်ယူပြီး ဆိုင်းပညာသင်ပေးရန် အပ်နှံလိုက်သည်။





ဆိုင်းဆရာစိန်ဝင်းမြင့်ဆိုတာ ဆရာတော်ရဲ့ညီအရင်းဖြစ်သည်။

ဆိုင်းမှာ ပတ်စာခွာ၊ ဖျာသိမ်း၊ ကြေးမောင်းထမ်းဆိုပြီး အပ်လိုက်သည်။ ဆိုင်းကို အလွန်ဝါသနာပါတဲ့သူရိန် ဆိုင်းနားတဲ့အချိန်မှာ ဝင်ရှောက်တီးနေတတ်သည်။ သူရိန်ရဲ့လက်ရာများကို အသက်ကြီးဆိုင်းဆရာများက ပိုင်ရှင်တို့ကောင်းဆိုမှုများပြုလုပ်ကြသည်။ သူရိန်ဟာ တစ်ချိန်ချိန်မှာ နာမည်ကြီးဆိုင်းဆရာတစ်ယောက် ဖြစ်လာနိုင်သည်ဟု ပြောသည်။

ထိုသို့ပြောပါများလာလျှင် စိန်ဝင်းမြင့်က အချိန်ရလျှင် ဆိုင်းပညာသင်ကြားပေးသည်။ ဆိုင်းသမားတစ်ယောက်မလာလျှင် ၎င်းနေရာကို အစားထိုးတီးခိုင်းသည်။ ထိုသို့ဝင်ရောက်တီးခိုင်းရင်းက နေရာစုံမှာ တီးတတ်လာသည်။

ဆိုင်းဝိုင်းအပေါ် လေးစားရှိသေသည်။

စိန်ဝင်းမြင့်သည် သူရိန်ထွန်းကို သားတပည့်တစ်ယောက်ကဲ့သို့ သဘောထားသည်။ အစကတော့ အောက်ခြေအလုပ်သမားကနေ လူယုံတစ်ယောက်ဖြစ်သွားသည်။ ယခုဆိုင်းဆရာမိသားစု အိမ်မှာမရှိကြတော့ သူရိန်က အိမ်သားတစ်ဦးအနေဖြင့် ကျန်ရစ်ခဲ့သည်။

သူရိန်သည် နှဲကြီးကို ယူလိုက်သည်။ ဆိုင်းဝိုင်းတစ်ခုတွင် နှဲကမပါပြီးတဲ့အရာတစ်ခု ဖြစ်သည်။

နှဲကြီးကို မှုတ်နေသည်။

အလျှုမင်္ဂလာဗျောကြီးရဲ့ တီးကွက်ဖြစ်သည်။

"ဟာ. . . မွှေးလိုက်တာ ဘယ်ကပါလိမ့်"

သူရိန်သည် ထွက်ပေါ်လာတဲ့ အနံ့များကို ရှာဖွေနေသည်။

ခပ်ဝေးဝေးမှတိုက်ခတ်လာတဲ့ လေနုအေးသည် သူရိန်ရင်ကို အေးမြစေမယ့် ထွက်ပေါ်လာတဲ့အနံ့ကြောင့် ထိတ်လန့်မှုများစွာ ဖြစ်ပေါ်လာသည်။ ကြောက်စိတ်များ လွှမ်းမိုးလာသည်။


www.burmeseclassic.com

www.burmeseclassic.com

မိုးဦးကာလမို့ မိုးပွင့်မိုးစက်များ ကျလာသည်။

မိုးသက်လေပြင်းများကိုက်ခတ်နေ၍ အနံ့က ပိုမိုထွက်ပေါ်လာသည်။

"မိုးကတော့ လုပ်ချလိုက်ပြန်ပြီကွာ"

အပြစ်တင်တဲ့သဘောဖြင့် ညည်းညူရေရွတ်လိုက်သည်။ ဆိုင်းဝိုင်းတွင်းမှာ အလုပ်ရှုပ်နေတဲ့သူရိန်တစ်ယောက်မှာတော့ ခါးကိုဆန့်လိုက်သည်။ ပတ်ဝန်းကျင်ကို ငေးကြည့်နေမိသည်။

ကောင်းကင်ယံမှ ကျဆင်းလာတဲ့ မိုးပွင့်မိုးစက်များက ပြင်းထန်မှုမရှိပေမယ့် လေရဲ့တိုက်ခတ်မှုကြောင့် ပြင်းထန်နေသည်ဟု ထင်မှတ်နေမိသည်။

ထွက်ပေါ်လာတဲ့အနံ့တွေက မွှေးသလိုနှင့် ပုတ်အနံ့များဖြစ်နေသလို ထင်ရသည်။ တစ်ခါတရံမှာ နံ့သာဖြူအနံ့ရနေသည်။

သူရိန်သည် အပြင်ထွက်ရန် စိတ်ကူးမိသည်။ ၎င်းကြောင့် သူရိန်သည် ထိုင်ရာကထလိုက်သည်။

"ဆိုင်းငှားချင်လို့ပါ"

"အမလေး. . . လန့်လိုက်တာဗျာ"

ရုတ်တရက် ထအော်လိုက်သည်။

ပတ်ဝန်းကျင်တွင် အမှောင်ထုများစတင်နေချိန်တွင် ရုတ်တရက်ထွက်ပေါ်လာတဲ့အသံကြောင့် အထိတ်တလန့်ဖြစ်သွားသည်။

အိမ်ရှေ့တံစက်မြိတ်အပြင်ဘက်တွင် အသက်နှစ်ဆယ်ကျော်မိန်းကလေးတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။

မိန်းကလေးရဲ့ကိုယ်လုံးတွင် မိုးရည်များစိုစွတ်နေသည်။

သူမသည် အားကိုးတဲ့အကြည့်များဖြင့် သူရိန်ထွန်းအား ကြည့်နေသည်။ ဆိုင်းလာငှားသည်ဟု ပြောဆိုပြီး မည်သည့်အတွက်ကြောင့် အိမ်ပေါ်ကို ထက်ရောက်ခွင့်မတောင်းတာလည်းဟု စဉ်းစားနေမိသည်။





သူရိန်သည် ဆိုင်းဝိုင်းအပြင်ကို ထွက်လာခဲ့သည်။

မိန်းကလေးရဲ့ရှေ့တွင် ရပ်လိုက်သည်။

သူရိန်နှင့် မိန်းကလေးတို့နှစ်ယောက်ကို တံစက်မြိတ်ကကျနေတဲ့ မိုးရည်စက်များက ခြားပေးနေသလို ဖြစ်နေသည်။

"ဒါဆိုင်းဆရာစိန်ဝင်းမြင့်အိမ် ဟုတ်ပါသလား"

"ဟုတ်. . . ဟုတ်ပါတယ်၊ ဆိုင်းငှားမလို့လား၊ လာပါခင်ဗျာ အိမ်ထဲဝင်ထိုင်ပါအုံး၊ အပြင်မှာ မိုးတွေရွာတွေနေပါတယ်"

ထိုသို့ပြောပြီးနောက် သူရိန်သည် နှာခေါင်းကို တစ်ချက်နှစ်ချက်ပွတ်လိုက်သည်။ ရေမွှေးအနံ့လိုလို ပုတ်တဲ့အနံ့လိုလို ဖြစ်နေသည်။

စိတ်ထဲတွင် မိန်းကလေးကို အားနာနေသည်။

မိန်းကလေးရောက်ရှိလာမှ ထိုအနံ့ထွက်လာရသည်။ မိန်းကလေးက အထင်သေးသွားမှာကို စိုးရိမ်လာသည်။

ထို့အတူ မိန်းကလေးကို အိမ်ပေါ်ခေါ်သော်လည်း ငြင်းဆန်နေသည်။

"ဘာအနံ့တွေ နံနေလို့လဲရှင့်၊ ကျွန်မဆီက နံလို့ထင်တယ်၊ အားနာလိုက်တာရှင်၊ အဖေနာရေးနဲ့မို့လို့ ရေမချိုးဖြစ်ဘူး"

သူမက ထိုစကားပြောလာတော့ အလွန်အားနာသွားသည်။

"မဟုတ်ပါဘူးဗျာ၊ ရေမွှေးအနံ့က ပြင်းလွန်းလို့ဖြစ်တာပါ။ ဒီအနံ့တမကြာခဏရနေကျပါ"

"ဩော်. . . ဟုတ်လား။ မသိပါဘူးရှင်၊ ကျွန်မကိုယ်က အနံ့မကောင်းတာလားလို့ပါ။ ဒါနဲ့ ရှင်က ဆိုင်းဆရာစိန်ဝင်းမြင့်လား"

"စိန်ဝင်းမြင့်ဆိုတာ ကျွန်တော့်ဆရာပါ။ အခု ဆရာက ခရီးထွက်သွားလို့ပါ။ ဆိုင်းဝိုင်းနဲ့ပတ်သတ်သမျှ သူ့တပည့်ကျွန်တော့်ကိုပဲ အကုန်လွှဲထားပါတယ်။ ဝါတွင်းကြီးဆိုတော့ အလှူမင်္ဂလာပွဲတော့ မဟုတ်ဘူးထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားပွဲလား။ ဘာပွဲအတွက် လာငှားတာလဲ"

"အသုဘ. . . ကျွန်မအသုဘ"

"ဗျာ. . . ဘယ်လို"

ရုတ်တရက် ထိတ်လန့်သွားသည်။

ကြက်သီးများထလာသည်။

စိုးရိမ်စိတ်များစွာ ထွက်ပေါ်လာသည်။ ကိုယ့်ရဲ့အသုဘအခမ်းအနား အတွက် ကိုယ်တိုင်ဆိုင်းလာငှားတယ်ဆိုတော့ သူရိန်အတွက် အလွန်အံ့ဩ ထိတ်လန့်စရာကောင်းနေသည်။

သူရိန်သည် မိန်းကလေးကို သေချာကြည့်မိလိုက်သည်။

မိန်းကလေးသည် ဘယ်လိုထူးခြားမှုမှမရှိ။

ခပ်အေးအေးသာရပ်နေသည်။ သူမပြောသလို သရဲသာဆိုလျှင် ထူးခြားမှုတစ်ခုတော့ လုပ်ပြမှာသေချာသည်။

"အိုး. . . အိုး ကျွန်မစကားပြောလောသွားတယ်။ ကျွန်မအဖေ အသုဘပါ"

"တော်ပါသေးရဲ့"

"ကျွန်မအဖေက မြန်မာဆိုင်းကို အလွန်လေးစားမြတ်နိုးသူတစ်ယောက် ပါ။ ရွာအနီးမှာရှိတဲ့အလှူတွေမှာ ဆိုင်းဝိုင်းသာထည့်လို့ကတော့ နွေမိုး မိုးမိုး ဆောင်းဆောင်း မဖြစ်မနေကို အရောက်သွားပြီး နားထောင်တတ် တယ်။ အို. . . ဒါတင်ဘယ်ကမလဲ၊ နတ်ပွဲ၊ အိုးစည်၊ ဒိုးပတ်၊ အငြိမ့်ဇာတ် တွေ့သမျှ ဆိုင်းဝိုင်းဘေးမှာ ညလုံးပေါက် မိုးလင်းအောင် နားထောင်တဲ့ အဖေပါရှင်"

"ဝါသနာ အတော်ကြီးပုံရတယ်နော်"

"ကြီးသမှ ကိုယ်တိုင်လည်း တီးတတ်၊ မှုတ်တတ် ဆို၊ က တတ်ပါတယ်"





"ကောင်းတယ်ဗျာ၊ ကျုပ်နဲ့တူလိုက်တာ"

"ဒါတင် ဘယ်ဟုတ်အုံးမှာလဲ၊ ဗုံတို၊ ဗုံရှည်၊ ပတ်လုံးဝိုင်း၊ ကြေးမောင်း ဝိုင်း၊ ပတ်မကြီး အားလုံးအကုန်ဝယ်ပြီး စုထားတယ်။ အိမ်မှာ ဆိုင်းဝိုင်းကြီး တစ်စုံစာ အပြည့်အစုံရှိတယ်။ အငှားလိုက်တာမဟုတ်ဘူး။ ဝါသနာအရ ဝယ်ထားတာ၊ အခုတော့ အခုတော့ အဖေမရှိရှာတော့ပါဘူးရှင်၊ မနေ့ညကပဲ ဆုံးရှာပြီ"

"သြော်. . . ဖြစ်မှဖြစ်ရလေ၊ စိတ်မကောင်းစရာပါပဲဗျာ"

ဆို့နင်ကြေကွဲနေရှာတဲ့မိန်းကလေးကို ချက်ချင်းသနားမိသွားသည်။ စိတ်ထဲတွင် ကိုယ်ချင်းစာမိနေသည်။

ဆိုင်းကို မြတ်နိုးသူတစ်ယောက် လူ့လောကကို စွန့်ခွာသွားသည်မှာ အလွန်နှမြောတမ်းတဖြစ်မိသည်။

"အဲဒါ သန်ဘက်ခါ သင်္ဂြိုဟ်မှာပါ၊ အဖေအသုဘမှာ အဖေဝါသနာအလွန် ပါတဲ့ဆိုင်းဝိုင်းနဲ့ သိုက်သိုက်မြိုက်မြိုက် သင်္ဂြိုလ်ချင်ပါတယ်။ အဲဒါကြောင့် ရှင်တို့ ဆိုင်းအဖွဲ့ကို လာငှားတာပါ။ လက်ခံနိုင်မယ်ထင်လို့ပါရှင်"

"ဟုတ်ကဲ့ လက်ခံနိုင်ပါတယ်"

"ဆိုင်းဝိုင်းပစ္စည်းတွေက ရှိပြီးသားမို့ ယူလာစရာမလိုပါဘူး။ ဆိုင်းသမား တွေချည်း သီးသန့်ငှားချင်ပါတယ်ရှင်"

"ဟုတ်ကဲ့ ဖြစ်ပါတယ်၊ ဒီရက်မှာ ပွဲထွက်ရက်မရှိသေးပါဘူး၊ ဘယ်ရွာ ကိုလဲ သိပါရစေ"

"ကျွန်မတို့အိမ်က ရွာထဲမှာမဟုတ်ပါဘူး၊ ရွာနဲ့ တစ်ခေါ် လောက်ဝေး ပါတယ်။ ရွာက ရွှေအိုးကျရွာပါ။ တစ်ချိန်က ရွှေအိုးကျရွာဟာ ကျွန်မတို့ အိမ်ကို ဝိုင်းပြီး ရွာတည်ထားတာပါ။ ရွာလယ်က အိမ်ကြီးပေါ့ရှင်"

အခုတော့ ကျွန်မတို့အိမ်ကြီးက ရွာရဲ့မြောက်ဘက်မှာပါ။ ရွှေအိုးကျရွာ



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရင် လက်မည်းကြီးအိမ်ကို ဘယ်လိုသွားရလဲလို့မေးရင် လူတိုင်းသိပါတယ်"

"ဗျာ. . . လက်မည်းကြီး ဟုတ်လား"

အလွန်ထူးဆန်းသွားသည်။

လက်မည်းကြီးတဲ့။

မည်သည့်အတွက်ကြောင့် ထိုနာမည်ကို ပေးထားတာလဲ။

လက်မည်းကြီးဆိုတာ ဘာအဓိပ္ပါယ်လဲ။

အဖြေမရှိတဲ့ပုစ္ဆာများနှင့် ရှုပ်ထွေးနေသည်။

သူရိန်သည် မိန်းကလေးကို အံ့ဩစွာ ကြည့်နေသည်။

မိန်းကလေးကတော့ ထူးခြားမှုမရှိ။

အေးဆေးစွာနှင့် သူရိန်ကိုကြည့်နေသည်။

"လက်မည်းကြီးဆိုတာ မကောင်းတဲ့နာမည်ဆိုးတစ်ခု မဟုတ်ပါဘူး။ ရှင်းရှင်းသိအောင်ပြောရရင် လက်မည်းကြီးဆိုတာ ကျွန်မအဖေရဲ့နာမည်ပါ။ ကျွန်မအဖေရဲ့ညာဘက်လက်ဟာ တံတောင်ဆစ်ကစပြီး မည်းနက်နေတာမွေးရာပါပေါ့။ အဲဒီလက်ကို အစွဲပြုပြီး ဒီနာမည်တွင်ခဲ့တာပါ"

"ဩော်. . . ဒီလိုကိုး၊ ဒါနဲ့ ကျွန်တော်တို့အဖွဲ့က ဘယ်နေ့လာရမှာလဲ၊ သန်ဘက်ခါသင်္ကြန်ကျလို့ မှာဆိုတော့. . ."

"ဖြစ်နိုင်ရင် မနက်ဖြန်မမှောင်ခင် အရောက်လာခဲ့ပါ။ ကျွန်မပိုက်ဆံအကြေချေခဲ့ပါ့မယ်။ အဲ. . . ပိုက်ဆံတော့ မဟုတ်ဘူး"

မိန်းကလေးသည် လည်ပင်းမှာဆွဲထားတဲ့ ကတ္တီပါအိတ်ရုံလေးကို ဖြုတ်ယူလိုက်သည်။ အတွင်းမှအရာများကို ထုတ်ယူလိုက်သည်။

"ဒါ ကျွန်မတို့ ဘိုးစဉ်ဘောင်ဆက် အမွေအနှစ် ရွှေဒင်္ဂါးပြားတွေပဲ။ တန်ဖိုးထားတဲ့သူတွေကိုပေးတာ၊ ကျွန်မ ရှင်တို့ကို တန်ဖိုးထားလို့ ဒီဒင်္ဂါးပြား





တွေကို ပေးတာပါ။ နည်းသေးလား"

"ဗျာ. . . မနည်းပါဘူး၊ အဲဒီလောက်ထိ ပေးဖို့မလိုပါဘူး"

"ရပါတယ်၊ ရှင့်ရဲ့ရိုးသားမှုကိုလည်း ချီးကျူးချင်ပါတယ်။ အရေးကြီးတာက မနက်ဖြန် မိုးမချုပ်ခင်သာ အရောက်လာခဲ့ပါ။ ကဲ. . . ကဲ ကျွန်မဖိတ်စရာရှိသေးလို့ ပြန်လိုက်အုံးမယ်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့ ကျွန်တော်တို့လာခဲ့ပါ့မယ်"

ထိုသို့ပြောပြီးနောက် မိန်းကလေးသည် ထိုနေရာက ထွက်ခွာသွားသည်။ သူရိန်သည် မိန်းကလေးရဲ့ကျောပြင်ကို ငေးကြည့်နေသည်။

တွေ့လိုက်ရတဲ့မြင်ကွင်းကို အလွန်အံ့ဩနေမိသည်။

"ဟာ. . . ဟော့. . . ဟော့ အဲဒီဘက်မှာ လမ်းမရှိဘူးလေ"

သူရိန်ပြောလိုက်တဲ့စကားကို ကြားဟန်မတူ။

ရှေ့ကိုသာ လျှောက်လှမ်းနေသည်။

မိန်းကလေးသည် ယခုသွားနေတဲ့လမ်းမှာ လမ်းမရှိ၊ ခြုံနွယ်များသာရှိနေသည်။

သူရိန်သည် မိန်းကလေးကို လမ်းပြချင်စိတ်များဖြင့် ထွက်လာခဲ့သည်။ များသည်းထန်စွာ ရွာသွန်းနေသည်။

ပတ်ဝန်းကျင်သည် မှောင်စပြုနေသည်။

ယခုမိန်းကလေးသွားနေတဲ့လမ်းသည် ခြုံနွယ်များပိတ်ဆို့နေသည်။ နွယ်များကိုကျော်ဖြတ်ပြီးလျှင် မြစ်မ်းတောင်နှင့် မြသာချောင်းသာရှိနေသည်။

သူရိန်သည် မိန်းကလေးအနောက်ကိုပြေးလိုက်ရင်း မိန်းကလေးသည် သယ်နေရာကိုရောက်၍ ပျောက်ကွယ်သွားမှန်းမသိအောင် ဖြစ်သွားပေသည်။

♣♣♣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း – (၈)

"ဟော့. . . သူရိန်၊ နည်းနည်းပါးပါးမေးကြည့်ပါအုံးကွာ"

"အေး. . . ဟုတ်တယ် သူရိန်ရာ၊ မင်းပြောပုံက တယ်ဟန်မကျချင်ဘူး။ ငါမွေးကတည်းက တအုံကုံးရွာမှာနေလာတာ မင်းပြောတဲ့ရွှေအိုးကျရွာရဲ့ မြောက်ဘက်မှာ အိမ်ကြီးတစ်လုံးရှိတယ်လို့ မကြားဘူးသလိုပဲ"

"ငါလည်း မိုးအေးအေးနဲ့ မူးကောင်းကောင်းနဲ့မို့သာ လိုက်ခဲ့ရတယ်။ သူပြောတဲ့အိမ်ကြီး ဘာတဲ့ လက်မည်းကြီးအိမ်ဆိုတာ မကြားဖူးသေးဘူးဗျာ"

တစ်ယောက်တစ်ပေါက်ပြောနေကြတဲ့ ဆိုင်းအဖွဲ့သားများရဲ့စကားကြောင့် ကျန်ခဲ့တဲ့ညက ဖြစ်ရပ်အတွက် စိုးရိမ်သွားမိသည်။

ဆိုင်းဆရာစိန်ဝင်းမြင့်မရှိတဲ့နောက်ပိုင်းမှာ ဆိုင်းအဖွဲ့ကို ဦးဆောင်ဖို့ တာဝန်ပေးခဲ့သည်။

ယခုကိုယ်တိုင်ဦးစီးလာမှ ထိုကိစ္စနှင့် ကြုံတွေ့လာရတော့ အလွန်ထိတ်လန့်နေသည်။

မိန်းကလေးက ဘယ်အတွက်ကြောင့် ဒင်္ဂါးပြားပေးပြီး လာငှားရတာလဲ။ မဟုတ်ဘဲနှင့်တော့ လာရောက်ငှားရမ်းမှာမဟုတ်ဟု ထင်မှတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူရိန်သည် ဆိုင်းတီးချင်လွန်းလို့ အဖွဲ့သားများကို အပင်ပန်းခံ စုဆောင်းပြီး လာခဲ့ရသည်။

ယခုတော့ ပင်ပန်းခဲ့တာတွေဟာ အလကားဖြစ်ရတော့မလို ဖြစ်နေသည်။

မိန်းကလေးက နေရာမရှိဘဲ ဘာကြောင့်လာရောက်ခေါ်ရတာလဲ။ အားလုံးသောအဖွဲ့သားတွေက ၎င်းနေရာမရှိဘူးဟု ပြောနေကြသည်။ ထိုကိစ္စ ဘယ်လိုပုံစံနှင့် ဆုံးဖြတ်ရမလဲဟု စဉ်းစားနေမိသည်။

ထိုခရီးကို ဆက်မသွားဘဲ နောက်ကြောင်းပြန်ရင်ကောင်းမလားဟု စဉ်းစားနေမိသည်။

သူရိန်တို့အဖွဲ့သည် ပြောရင်းနှင့် ရွှေအိုးကျွန်းရွာထဲကို ရောက်ရှိလာသည်။

"ဦးလေး လက်မည်းကြီးအိမ်ကို ဘယ်ကသွားရလဲ"

ထိုသို့မေးလိုက်သည်နှင့် ထိုလူသည် အထိတ်တလန့်ဖြစ်သွားသည်။ မျက်နှာလည်း သိသိသာသာပျက်သွားသည်။

နားမလည်စွာဖြင့် ကြည့်လိုက်သည်။

၎င်းသည် ပြေချင်တဲ့စိတ်မရှိသလို ဖြစ်နေသည်။ သိချင်နေတဲ့ သူရိန်တို့အဖွဲ့က ကြည့်နေသည်။

"ဘာဖြစ်လို့ ဒီနာမည်မေးတာလဲ"

"အဲဒီက ငှားထားလို့ပါခင်ဗျာ"

"မသိဘူး"

ထိုသို့ပြောပြီး ထွက်သွားသည်။

၎င်းရဲ့အမူအရာကို နားမလည်အောင် ဖြစ်ကုန်ကြသည်။

မိန်းကလေးပြောတုန်းက ရွှေအိုးကျွန်းရွာမြောက်ဘက်မှာရှိသည်။ ရွာသားများကို မေးရင်ရသည်ဟု ပြောသွားသည်။

ယခု လက်တွေ့မေးလိုက်တော့ မည်သူမှမသိဟု ပြောကြသည်။ အေးအေးဆေးဆေးပြောရင် ပြဿနာမရှိ။ ဒေါသနှင့်သာ ငြင်းဆိုကြသည်။

ထူးဆန်းသည်က ရွှေအိုးကျွန်းရွာကိုပတ်ပြီး ခြံစည်းရိုးနှစ်ထပ်တာထားသည်။ ရွာထဲကို ဝင်ထွက်လုပ်ရန် တံခါးလေးပေါက်ရှိသည်။

၎င်းတံခါးပေါက်များကို ရွာသားများက အလှည့်ကျတာဝန်ယူကင်းစောင့်ကြရသည်။

သူရိန်တို့အဖွဲ့သည် လက်မည်းကြီးအိမ်ကို မေးသည့်ရွာသားအားလုံးတစ်ပစ်ခါခါ ငြင်းဆန်ကြသည်။

ထိုသို့မေးရင်း ထွက်လာခဲ့ရာ ရွာမြောက်ဘက်ကို ရောက်ရှိလာကြသည်။

သူရိန်သည် နောက်ဆုံးအနေနှင့်မေးရန် ဆုံးဖြတ်လိုက်သည်။

ရွာရဲ့အစွန် တဲအိမ်ငယ်လေးတစ်လုံးတွင် အသက်(၇၀)ကျော်အဘိုးအိုတစ်ယောက်ထိုင်ပြီး ဓားရှည်တစ်ချောင်းကို သွေးနေသည်။

သူရိန်တို့အဖွဲ့သည် တဲအိမ်လေးရှေ့တွင် ရပ်လိုက်ကြသည်။ အားလုံးအပြင်မှာရပ်နေခဲ့ရန် မျက်ရိပ်ပြလိုက်သည်။

သူရိန်သည် ဓားသွေးနေတဲ့အဘိုးအိုရှိရာကို လျှောက်သွားသည်။

အဘိုးအိုသည် ပတ်ဝန်းကျင်ကို ဂရုမစိုက်၊ ဓားကိုသာ အာရုံစိုက်နေသည်။

"အဘိုး"

သူရိန်ခေါ်တဲ့အသံကို ကြားဟန်မတူ။ ဓားကိုသာ ဆက်လက်သွေးနေသည်။ သူရိန်သည် နောက်တစ်ခါ ထပ်ခေါ်သည်။

သုံးလေးခွန်းခေါ်မှ ကြားသွားဟန်တူသည်။ ဓားကိုဆက်မသွေးတော့ဘဲ ကြည့်လိုက်သည်။

"ဘာကိစ္စလဲ မောင်ရင်"

"ကျွန်တော်တစ်ခုလောက်မေးချင်လို့ပါ"





www.burmeseclassic.com

www.burmeseclassic.com



"ဘာမေးမှာလဲ မေးပါ"

"ဒီလိုပါ အဘိုး၊ လက်မည်းကြီးအိမ် ဘယ်ကသွားရလဲ"

"ဟေ"

အဘိုးအိုရဲ့အကြည့်များထဲတွင် ဒေါသများလွှမ်းမိုးနေသည်။ တစ်စုံတစ်ရာကို မကျေနပ်သလို ဖြစ်နေသည်။

သူရိန်သည် မည်သည့်စကားမှမပြောနိုင်၊ အဘိုးအိုကိုသာကြည့်နေသည်။ အဘိုးအိုထံမှ ထွက်လာမယ့်အဖြေကိုသာ စောင့်မျှော်နေသည်။ အဘိုးအိုသည် ဓားကိုသေချာကြည့်ရင်း စမ်းသပ်နေသည်။

သွေးနေတဲ့ဓားအသွားကို လက်မနှင့်ထောက်ပြီး ဓားမထက် အထက်စမ်းနေသည်။

ထို့နောက် ဓားအရိုးကို တင်းကြပ်စွာ ဆုတ်ကိုင်ထားသည်။ ဓားကိုင်လက်မှ အကြောများက ထောင်ထလာသည်။

အဘိုးအိုသည် ဓားဖြင့်ခုတ်မည်လားဟု ထင်မှတ်နေသည်။

ဓားနှင့်သာခုတ်လျှင် ခံလိုက်ရုံကလွဲပြီး ဘာမှမတတ်နိုင်အောင် ဖြစ်နေသည်။

"ယား"

"ဝေါ"

"အမလေး"

အဘိုးအိုရဲ့လုပ်ရပ်အတွက် မြေအပြင်မှာရှိနေသူများ အထိတ်တလန့်ဖြစ်ကုန်ကြသည်။

စိတ်ထဲတွင် သူရိန်တစ်ယောက်တော့ ပွဲချင်းပြီးသွားပြီဟု ထင်မှတ်နေကြသည်။

အားလုံးသည် အဘိုးအိုကို ကြည့်နေကြသည်။





အဘိုးအိုဘာဆက်လုပ်မလဲဆိုတာ. . .

အကြောင်းမှာ အဘိုးအိုသည် ဓားရှည်ကိုကိုင်ပြီး ရှေ့မှာရှိနေတဲ့ သစ်ကိုင်းခြောက်ကို ခုတ်ပိုင်းလိုက်သည်။

သစ်ကိုင်းခြောက်သည် ပြတ်တောက်ပြီး လေပေါ်မှာ လွင့်ထွက်သွားသည်။ ထို့နောက် သက်ပြင်းရှည်တစ်ခုကို ချလိုက်သည်။

"မင်းက အဲဒီကို ဘာသွားလုပ်မှာလဲ၊ သူတို့နဲ့ဘယ်လိုပတ်သက်နေလဲ။ ဒီကိုလာတာ ရိုးသားရဲ့လားဟေ့"

"ကျွန်တော့်ကိုယုံပါ အဘိုး၊ ကျွန်တော်တို့မှာ မရိုးသားတဲ့စိတ်မရှိပါဘူး။ မယုံရင် ကျွန်တော်အဖွဲ့ကိုမေးကြည့်ပါ"

"ဟုတ်ပ့ါတယ် အဘိုး၊ သူပြောတာမှန်ပါတယ်"

"ဟေ. . . ဟာ မင်းတို့ကို. . . မင်းတို့က အဲဒီကိုဘာသွားလုပ်မလို့လဲ။ ဆိုင်းသွားတီးကြမလို့လား"

"ဟုတ်ပါတယ် အဘိုး"

ထွက်နေတဲ့ဒေါသများကို ရုတ်သိမ်းလိုက်သည်။

တင်းမာတဲ့အဘိုးအိုရဲ့မျက်နှာသည် အရောင်ပြောင်းတဲ့ပုတ်သင်ညိုလို ဖြစ်သွားသည်။

အဘိုးအိုသည် အဖွဲ့သားများထဲက သုံးလေးယောက်ကို ကောင်းကောင်းသိနေသည်။

"အေး. . . အေး သွားကြတော့၊ ရွာရဲ့အနောက်ပေါက်ကထွက်ပြီး မြောက်ဘက်ကိုသွားကြ၊ တောင်တစ်တောင်ကိုတွေ့လိမ့်မယ်။ အဲ့ဒီတောင်ကို ကျော်ပြီးတာနဲ့ တောအုပ်ကြီးတွေ့လိမ့်မယ်။ အဲ့ဒီတောအုပ်ကြီးအလယ်က အိမ်ကြီးပဲ"

"ဟုတ်ကဲ့ ကျွန်တော်တို့ကို ခွင့်ပြုပါအုံး အဘိုး"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီးနောက် သူရိန်တို့အဖွဲ့သည် အဘိုးအိုကို နှုတ်ဆက်ပြီး ထွက်ခဲ့ကြသည်။

♣♣♣





## အခန်း – (၉)

သူရိန်တို့အဖွဲ့သည် အဘိုးအိုပြောတဲ့အတိုင်း ရွာရဲ့အနောက်ဘက်တံခါး ပေါက်ကို လာခဲ့ကြသည်။

“ဟော့. . . ထွေးတင် ပြောင်းဖူးတွေခူးလာလို့ချည်လား။ ရောင်းမစားကြ ဘူးလား”

“သြော်. . . မင်္ဂလာကြည်တို့အဖွဲ့ပါလား၊ ရောင်းမစားပါဘူးဘော်၊ အယ်ရွာကိုသွားကြမလို့တုန်း၊ အပြန်ကြရင် ပြောင်းဖူးစားရအောင် တစ်တောင်းလောက်ယူသွားအုံး”

“အေး. . . အေး ယူတာလည်းယူတာပေါ့၊ နင့်ယောကျ်ားစိန်ဗိုလ်အေး အရက်သောက်တုန်းပဲလား”

“ဟုတ်ပါတော် မင်္ဂလာကြည်နဲ့တွေ့တဲ့အခါ ဆုံးမခဲ့ပါအုံး”

“အင်း. . . ဒီကောင်က ဆုံးမရ အလွန်ခက်တာပဲ”

“သွားအုံးမယ်ဟေ့”

“ဟုတ်ကဲ့ပါတော် အပြန်ဝင်ခဲ့အုံးနော်”

“ဝင်ခဲ့ပါ့မယ်ဟာ”



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာကြည်ကိုကြည့်ပြီး ဝမ်းသာပီတိဖြစ်သွားစသည်။

"စွမ်းလှချည်လား မင်္ဂလာကြည်ရာ၊ မျက်စိမမြင်ဘဲနဲ့ ရွှေအိုးကျရွာမှာနေတဲ့ စိန်ပိုလ်အေးရဲ့မိန်းမထွေးတင် ခွာနေတဲ့ပြောင်းဖူးတွေကို ဘယ်လိုလုပ်သိလဲ"

"မင်းရဲ့မင်္ဂလာကြည် ရမ်းပြီး ပြောနေတာပါ သူရိန်ရာ"

ကြေးနောင်မောင်းဆရာကိုစိန်မင်းက မထိတထိပြောလိုက်သည်။

"ဘယ်တော့မှ ရမ်းမပြောဘူးစိန်မင်း၊ မင်းလိုအရက်သမားအိုးနင်းခွက်နင်းဖြစ်နေရင်တောင် မှတ်မိတယ်"

ထိုသို့ပြောရင်း ရွာရဲ့အနောက်ပေါက်ကို ရောက်ရှိလာကြသည်။

ရွာသားသုံးလေးယောက်က မကောင်းဆိုးရွားအိမ်ကိုမသွားရန် တားမြစ်ကြသည်။

ဘယ်လိုပင်ပြောပေမယ့် ဂရုမစိုက်၊ ဆက်လက်သွားကြသည်။

သူရိန်သည် တားမြစ်မှုတွေကို ကျော်ဖြတ်ပြီး လက်မည်းကြီးအိမ်ကို စိတ်ဝင်စားသည်။ ၎င်းတို့က ရက်ရက်စက်စက်ပြောရအောင် အဲဒီလောက်ပဲ တကယ်ဆိုးနေလို့လား။

လက်မည်းကြီးသည် စုန်းကဝေအတတ်ကို ဘယ်သူထံက သင်ယူခဲ့ပြီး ထိုပညာကို ဤမျှလောက်တတ်ကျွမ်းနေလို့လား။

အများပြောစကားအရ လက်မည်းကြီးသည် ပုံစံအမျိုးမျိုးလုပ်နိုင်တဲ့ စွမ်းအားရှိသည်ဟု ပြောကြသည်။

၎င်းကြောင့် အပြစ်မဲ့တဲ့ရွာသားတွေ အလွန်ဒုက္ခရောက်ခဲ့သည်ဟု ပြောကြသည်။

သူရိန်သည် လက်မည်းကြီးရဲ့အကြောင်းကို စဉ်းစားရင်း အလွန်ထိတ်လန့်လာသည်။ ဘယ်လိုပင်ဖြစ်ပေမယ့် အိမ်ကြီးကိုတော့ ရောက်အောင်သွား





ရမည်။

သူရိန်တို့အဖွဲ့သည် အဘိုးအိုရဲ့ညွှန်ကြားတဲ့အတိုင်း ခရီးဆက်လာခဲ့သည်။ အတော်ပင်လျှောက်လှမ်းနေကြပေမယ့် အိမ်ကြီးရှိရာကို အစအနတောင် မြင်တွေ့ရခြင်းမရှိ။

"သူရိန် ရွာသားတချို့ပြောသလိုဖြစ်နေပြီလား မသိအောင် ဖြစ်နေပြီ"

"ဘာပြောတာလဲ၊ အရင်းမရှိ အဖျားမရှိဗျာ"

"အဲဒီအိမ်ကြီးမရှိဘူးဆိုတာလေကွာ၊ လက်မည်းကြီးဆိုတာ မကောင်းဆိုးဝါးတွေရဲ့နေရာပဲ"

"ဟုတ်တယ် သူရိန်၊ အုတ်ဂူအဟောင်းတစ်လုံးပဲရှိတယ်တဲ့။ ဘာအိမ်မှမရှိဘူးတဲ့၊ ကြည့်လည်းလုပ်ပါအုံးကွာ၊ တော်ကြာ အားလုံးသေကုန်ကြအုံးမယ်"

"မဟုတ်တာဘဲဗျာ၊ အဘိုးအိုပြောတာလည်း ကြားကြရဲ့သားနဲ့ဗျာ ဘာပဲဖြစ်ဖြစ် အရေးကြီးတာက ရောက်အောင်သွားဖို့ပဲ"

ထိုသို့ပြောပြီးနောက် ညွှန်ပြတဲ့အတိုင်း ခရီးဆက်ခဲ့ကြသည်။ အချိန်သည် ညနေပိုင်းကို ရောက်ရှိလာသည်။

ရွှေအိုးကျရွာသည် တဖြည်းဖြည်းနှင့် အလှမ်းဝေးလာခဲ့သည်။

လက်မည်းကြီးအိမ်ရှိရာကို နီးကပ်လာပြီဟု တွေးနေမိသည်။ ၎င်းအိမ်ကိုသွားရောက်ရာတွင် အမျိုးမျိုးသော သံသယများစွာရှိနေကြသည်။

"ဟာ. . . ဟိုမှာလူတစ်ယောက်တွေ့တယ်။ သူ့ကိုမေးရင်ကောင်းမယ်ဗျာ"

"ကောင်းတာပေါ့ဗျာ၊ ဟာ. . . ဦးလေးစိန်သော်ပဲ။ သူသိနိုင်တာပေါ့"

"ဟင်. . . ဟုတ်လား၊ သူက ဘာလို့သိနိုင်တာလဲ"

"ဒီနယ်တစ်ကြောမှာ သူမသိတာမရှိဘူး။ သူ့ကို ပါလေရာငပိခိုတာလို့ခေါ်ကြတယ်ဗျ"

"အဲဒီလောက်တောင်ပဲလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီထက်တောင် ဆိုးပါသေးတယ်။ မပြောချင်လို့သာ မသိဘူးလို့ ငြင်းရင် ငြင်းလိမ့်မယ်၊ မသိတာတော့ မရှိဘူး"

"အဲဒါလည်း စဉ်းစားစရာပဲ၊ ဘာပဲဖြစ်ဖြစ်ဗျာ မေးကြည့်ပေါ့၊ ဖြေတော့လည်း အမြတ်ပေါ့ဗျာ"

ထိုသို့ပြောနေချိန်တွင် ဦးစိန်သော်အနားကို နီးကပ်လာနေသည်။

"ဦးလေးစိန်သော် နေရာဒေသခြေဆန့်ပြန်လာတယ်နဲ့တူတယ်"

"အမှန်ပဲပေါ့. . . ဒါနဲ့ မောင်ရင်တို့က ဘယ်ညှော်ခံပွဲလဲ"

"တခြားတော့ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့ ရွှေအိုးကျရွာရဲ့မြောက်ဘက် မိုင်ဝက်လောက်မှာ ဘာရှိလဲဗျ"

"ရွာဆိုးကုန်းလေးဗျ ဘာလုပ်မလို့လဲ"

"အဲဒီမှာ လက်မည်းကြီးအိမ်ဆိုတာ သိလား၊ သိရင်လိုက်ပို့စမ်းပါဗျာ"

"ဗျာ. . . လက်မည်းကြီးအိမ် ကျုပ်လိုက်ပို့ရမယ်ဟုတ်လား၊ မလိုက်ဘူး သွားကြဗျာ၊ ခင်ဗျားတို့ဘာသာသွားကြ၊ လက်မည်းကြီးစောင့်နေတယ်"

ဦးလေးစိန်သော်သည် ထိုသို့ပြောပြီး ထွက်သွားသည်။

သူရိန်တို့အဖွဲ့သည် နားမလည်စွာကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။

လက်မည်းကြီးအိမ်ကို လိုက်ပို့ပေးပါဟု ပြောလိုက်ချိန်တွင် ဦးလေးစိန်သော်ရဲ့မျက်နှာသည် အလွန့်ထိတ်လန့်တုန်လှုပ်သွားသည်။

မျက်နှာသည်လည်း တိတိကျကျပျက်သွားသည်။

သူရိန်တို့အဖွဲ့သည် ထိုနေရာတွင် အတန်ကြာအောင် ရပ်နေမိသည်။ စကားပြောရန် အခက်ကြုံနေကြသည်။

"ကဲ. . . သွားကြမယ်၊ လိုက်မပို့လည်း ဘာဖြစ်ရမှာလဲ။ လမ်းဆုံးရင် ရွာတွေ့မှာပဲ"

"ဟေ့. . . မောင်သူရိန် ကြည့်လည်းလုပ်ပါအုံးကွာ"





"ဟုတ်တယ် ကောင်လေး၊ အားလုံးဒုက္ခရောက်ကုန်လိမ့်မယ်"

"မဟုတ်တာပဲ ဦးလေးတို့ကလည်းဗျာ"

"ဒါဆိုလည်း သွားကြမယ်၊ လာမယ့်ဘေးပြေးတွေ့ကြရုံကလွဲလို့ ဘာမှ မရှိတော့ဘူးပေါ့"

ထိုသို့ပြောပြီးနောက် သူရိန်တို့အဖွဲ့ ဆက်လျှောက်လာခဲ့သည်။ လယ်ထွန်သမားများကို ကျော်ဖြတ်လာခဲ့ကြသည်။

တောင်ပူစာလေးများနှင့်တောတန်းအတွင်းကို ဝင်ရောက်လာကြသည်။ ၎င်းတို့သည် လမ်းညွှန်မည့်သူကို မျှော်နေကြသည်။

"ဟာ. . . ဘာသံလဲဟေ့ နားထောင်ကြစမ်း"

"နွားလှည်းတစ်စီးအသံပဲ၊ မေးလို့ရရင် ကောင်းမှာပဲ"

"ငါတို့လည်း အဲဒီလိုပဲတွေးမိတယ်"

"ဟေ့. . . ဟော ဟိုမှာလာနေပြီ မေးကြကွာ"

နွားလှည်းတစ်စီးသည် အနားကို ရောက်ရှိလာသည်။

လှည်းပေါ်ပါလာသူမှာ အသက်ငါးဆယ်ကျော်ယောက်ျားတစ်ယောက် ဖြစ်နေသည်။

"ကျုပ်တို့ကို တစ်ဆိတ်လောက်ကူညီပါဗျာ"

"ဘယ်သွားကြမှာလဲ"

"လက်မည်းကြီးအိမ်ကိုပါဗျာ"

"ဟေ. . . လက်မည်းကြီး ဟုတ်လား"

ပြတ်သားတဲ့အသံကြောင့် တုန်လှုပ်ကုန်ကြသည်။

လက်မည်းကြီးအိမ်ကို မည်သည့်အတွက်ကြောင့် ထိတ်လန့်နေကြသလဲဆိုတာ စဉ်းစားရခက်နေကြသည်။

နွားလှည်းပေါ်ပါလာသူက ဘယ်လိုပုံစံမျိုးနှင့် တုံ့ပြန်မလဲဆိုတာ စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com

စိတ်များဖြင့် သိချင်နေကြသည်။

"အေး. . . ဒါဆို လှည်းပေါ်တက်၊ ကျုပ်လည်း အဲဒီသွားမလို့"

"ကျေးဇူးပဲဗျာ"

ဝမ်းသာစွာနှင့် တက်လိုက်ကြသည်။

လှည်းသမားသည် သူရိန်တို့ကို ပြုံးရွှင်စွာကြည့်နေပေမယ့် ၎င်းအပြုံးသည် အပြုံးနှင့်မတူ။

ဘယ်လိုပင်ဖြစ်ပါစေ အခက်ကြုံတွေ့နေချိန်တွင် ယခုကဲ့သို့ ကူညီသူရောက်ရှိလာတာကိုက အလွန်ဝမ်းသာစရာဖြစ်နေသည်။

"ဒါနဲ့ ဦးလေးက ဘယ်ရွာကလာတာလဲ"

"ယောယုဝ"

"ကြားဖူးသလိုပဲ၊ ဒါပေမယ့် ဒီအနီးနားရွာတွေထဲကတော့ မဟုတ်ဘူးထင်တယ်"

"ကြားဖူးဆို ငရဲပြည်တစ်ခုရဲ့နာမည်လေဗျာ ဟုတ်ဘူးလား"

"ဟာ. . . ဟုတ်တယ်ဗျို့၊ ခင်ဗျားက လူပျော်တစ်ယောက်နဲ့တူတယ်၊ ဒါနဲ့ နာမည်ဘယ်လိုခေါ်လဲ"

"ငရဲမင်း"

"ဗျာ. . . လုပ်နေပြီဗျာ ခင်ဗျားကတော့"

"ဟော့ကောင်တွေ ပြေးကြမယ်၊ ဒါသရဲပဲဖြစ်ရမယ်"

"ငါ့ကိုမထားခဲ့ကြနဲ့ကွာ"

သူရိန်တို့အဖွဲ့သည် ရုတ်ရုတ်သဲသဲဖြစ်သွားကြသည်။ နွားလှည်းပေါ်က ဆင်းပြေးရန် ပြင်ဆင်နေကြသည်။

ငရဲမင်းဆိုသူကတော့ အေးဆေးစွာ နွားလှည်းကိုသာ မောင်းနှင်နေသည်။ ၎င်းတို့သည် အလွန်ထိတ်လန့်တုန်လှုပ်နေကြသည်။





ငရဲမင်းဆိုသူကတော့ ထူးခြားမှုတစ်စုံတစ်ရာမှ ပြသခြင်းမရှိအောင်ဖြစ်နေသည်။

"အဲဒီလောက်လည်း ဖြစ်မနေကြပါနဲ့ မိတ်ဆွေတို့ရာ၊ ကျုပ်ရဲ့နာမည်က ရဲမင်း၊ မောင်ရဲမင်း၊ ကိုရဲမင်း၊ ဦးရဲမင်းပေါ့ဗျာ၊ ဒါပေမယ့် ကျုပ်လိုစာမတတ်ပေမတတ်ကို မောင်တွေ၊ အစ်ကိုတွေ၊ ဦးတွေတတ်မခေါ်ဘူး။ ငရဲမင်းလို့ပဲခေါ်ကြတယ်။ ယောယုဝဆိုတာ ငရဲမင်းရဲ့လှည်းနဲ့လိုက်လာတဲ့နောင်ကြီးတို့ငါးယောက်က ငရဲကောင်တွေပေါ့။ ကျုပ်ရဲ့အပေါင်းအသင်းတွေလေ၊ မကောင်းဘူးလား"

"ကောင်းတယ် ကောင်းတယ်၊ အလွန်ပဲကောင်းပါတယ်။ ကျုပ်တို့ဆိုင်းအဖွဲ့ထဲဝင်ပြီး ဆိုင်းနောက်ထလုပ်ပါလား"

"ကျုပ်က အဲဒီလောက်ထိဝါသနာမပါဘူး။ ဆိုင်းတော့တီးတတ်ပါတယ်"

စကားပြောရင်းနဲ့ မောင်းလာသည်မှာ တောင်ကြီးနှစ်လုံးကြားတိုရောက်ရှိလာသည်။

ကြီးမားတဲ့အပင်များစွာရဲ့ကြားမှာ ရှေးဟောင်းအိမ်မည်းကြီးတစ်လုံးကိုတွေ့လိုက်ရသည်။

အိမ်ရှေ့တွင်သိပ်ပြီး စည်ကားမှုမရှိ။

အသုဘအိမ်မှ ဟုတ်ရဲ့လားဟုမှတ်နေသည်။

ထို့အတူ ပရိသတ်ကို ဧည့်ခံရန် မဏ္ဍပ်ထိုးထားတာမတွေ့ရပေ။

"ကဲ. . . မိတ်ဆွေတို့ လက်မည်းကြီးအိမ်ဆိုတာ ဒါပဲ"

"ဟုတ်ကဲ့ဗျာ"

အားလုံးလှည်းပေါ်က ဆင်းလိုက်ကြသည်။

အသုဘအိမ်နှင့် မတူပေ။

အလွန်ခြောက်ချားစရာကောင်းနေသည်။


www.burmeseclassic.com

www.burmeseclassic.com

သခင်မလေးရေ၊ ဆိုင်းအဖွဲ့ရောက်လာပါပြီ။

မိန်းကလေးတစ်ယောက်ရဲ့အသံကြောင့် သူရိန်တို့ဘာမှမပြောနိုင်အောင် ဖြစ်သွားသည်။

အသံပိုင်ရှင်မိန်းကလေးရဲ့အသက်က ၂၀ကျော်ဝန်းကျင်ရှိပေမယ့် အလွန်ရုပ်ဆိုးအကျည်းတန်လှသည်။

ထို့နောက် သခင်မဆိုတဲ့အမျိုးသမီး ထွက်ပေါ်လာသည်။

၎င်းမိန်းကလေးသည် ဆိုင်းလာရောက်ငှားရမ်းသူဆိုတာ သိလိုက်ရသည်။ မိန်းကလေးသည် သူရိန်တို့ကိုတွေ့လိုက်ရတဲ့အတွက် အလွန်ဝမ်းသာနေသည်။

"ရှင်တို့အဖွဲ့အလွန်ပင်ပန်းလာကြပြီ၊ ကဲ. . . ကြွကြပါရှင်"

"ကောင်းပါပြီ"

ခပ်စောစောက မိန်းကလေးသည် ဆိုင်းလာရောက်ငှားရမ်းသူအမျိုးသမီးကို အရိုအသေပြုပြီး အခန်းရှိတံခါးကြီးများကို ဖွင့်ပေးလိုက်သည်။

တံခါးကြီးများသည် ရှေးဟောင်းကျွန်းတံခါးကြီးများဖြစ်သည်။

တံခါးကို ကျွန်းတစ်ချပ်တည်းနဲ့ ပြုလုပ်ထားခြင်းဖြစ်သည်။

သခင်မဆိုတဲ့ မိန်းကလေးသည် ရှေ့ကဦးဆောင်သွားသည်။ သူရိန်တို့အဖွဲ့က နောက်ကလိုက်ပါလာသည်။

ထိုအချိန်တွင် အလွန်လင်းထိန်တဲ့အရာတစ်ခု ထွက်ပေါ်လာသည်။ မှိန်ပျပျမီးအလင်းရောင်ကို ၎င်းအလင်းရောင်က လွှမ်းမိုးသွားသလို မီးသည် လက်ဆွဲအောက်လင်းမီးဖြစ်သည်။

လက်ဆွဲအောက်လင်းမီးကြီးကို ဆွဲလာသူက တခြားလူမဟုတ်၊ ငရဲမင်း ဖြစ်နေသည်။ ငရဲမင်းသည် ဘယ်လိုပတ်သက်နေသလဲဆိုတာကို သိချင်နေသည်။

သခင်မဆိုတဲ့မိန်းကလေးသည် ငရဲမင်းအနားကပ်ပြီး တစ်ခုခုပြောလိုက်





သည်ကို တွေ့လိုက်ရသည်။

သခင်မပြောတာကို လက်ခံလိုက်သည်။ **သူရိန်တို့အဖွဲ့ဘာတဲ့ ရှော်ရှော** မှုလိုက်သည်။

"ဆိုင်းအဖွဲ့အတွက် စားဖို့သောက်ဖို့ အဆင့်သင့်ဖြစ်ပါပြီ၊ သောက်တတ်တဲ့သူပါမယ်ထင်လို့ စီစဉ်ထားပါတယ်ခင်ဗျာ၊ အားလုံးထမင်းစားခန်းကို ကြွကြပါ"

"ဟာ. . . အဲဒါတွေ မလိုပါဘူး"

သူရိန်နှုတ်မှပြောလိုက်သည်။

"ဟား. . . အိမ်ရှင်တွေက တကယ်သိတတ်တာကိုး. . နော်ဗျာ ဦးလေးကျော်ရွှေ"

"လူလိမ်မာသားသမီးများ တယ်ယဉ်ပါးသကိုး မောင်မင်းစိန်ရ"

အရက်သမားကိုမင်းစိန်၏ အားတက်သရော အဆိုပြုမှုကို ဦးလေးကျော်ရွှေ အပြည့်အဝထောက်ခံသည်။

ဦးလေးကျော်ရွှေဆိုတာ အသက်ငါးဆယ်ကျော်၊ အရက်သာသောက်ရမယ်ဆိုရင် အလွန်ကျေနပ်ပျော်ရွှင်နေသူဖြစ်သည်။

အဖွဲ့သားတွေက အရက်အကြောင်းပြောလိုက်သည်နှင့် သောက်ချင်နေကြသည်။

သူရိန်ကတော့ ဘဝင်မကျအောင် ဖြစ်နေသည်။ တစ်ခါက်မှမရောက်ဖူးတဲ့နေရာတွင် အသောက်အစားကို သတိထားရန်ဖြစ်သည်။ ထိုနေရာကို လာရောက်တုန်းက ဘယ်လောက်ခက်ခဲသည်ဆိုတာ သိနေကြသည်။

သူရိန်တို့အဖွဲ့သည် ငရဲမင်းကြီးခေါ်ရာနောက်ကို လိုက်သွားကြသည်။

သခင်မဆိုတဲ့မိန်းကလေးနှင့် အမျိုးသမီးငယ်တို့ ကျန်ရစ်ခဲ့ကြသည်။

သူရိန်သည် ထိုမိန်းကလေးကို တစ်ချက်ကြည့်ပြီး လိုက်ပါသွားသည်။


www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကလည်း သူရိန်ကိုကြည့်ပြီး ကျန်ရစ်ခဲ့သည်။ ၎င်းတို့နှစ်ယောက်ရဲ့အကြည့်သည် အဓိပ္ပါယ်များစွာရှိနေသည်။

သူရိန်သည် မိန်းကလေးရဲ့လှုပ်ရှားမှုတွေကို စိတ်ထဲကတစ်မျိုးဖြစ်နေပေတော့သည်။

♣♣♣





**အခန်း – (၁၀)**

သူရိန်တို့အဖွဲ့သည် ငရဲမင်းဆိုသူရဲ့ခေါ်ရာကို လိုက်သွားကြသည်။

အိမ်ကြီးသည် ရှေ့ကကြည့်တာနှင့် အတွင်းမှာမြင်ရတာ အလွန်ကွာခြားနေသည်။

အိမ်ကြီး၏အတွင်းပိုင်းတွင် ကျယ်ဝန်းလှသည်။

၎င်းတို့သွားရာလမ်းအပါအဝင် အခြားလမ်းများကို တွေ့ရသည်။ ထူးဆန်းသည်က နံရံတွင် ဆီဆေးပန်းချီကားပေါင်းများစွာ ချိပ်ဆွဲထားသည်ကိုလည်း တွေ့ရသည်။

တချို့ပန်းချီကားများသည် အလွန်အသက်ဝင်နေပြီး လှုပ်ရှားနေသလိုထင်ရသည်။

တချို့ပန်းချီကားတွေက. ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့လက်ရာများဖြစ်သည်။

သူရိန်သည် ပန်းချီကားများစွာကိုကြည့်ပြီး ခေါ်ရာနောက်တို့ လိုက်ပါသွားသည်။ အတွင်းကို အတော်ဝင်ရောက်သွားသည်။

အလွန်အံ့သြစရာမြင်ကွင်းတစ်ခုကို တွေ့လိုက်ရသည်။ သူရိန်တို့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



သည် စံအိမ်ကြီး၏အနောက်ဘက်ကို ရောက်ရှိသွားသည်။ စံအိမ်ကြီးရဲ့အနောက်တွင် ကျယ်ဝန်းတဲ့ခန်းမကြီးတစ်ခုကို တွေ့လိုက်ရသည်။

၎င်းခန်းမအတွင်း၌ များစွာသောလူအများ စားသောက်နေကြသည်။ အမျိုးသား၊ အမျိုးသမီးများစွာကို တွေ့လိုက်ရသည်။

တချို့လူအများစုက ခပ်စိမ်းစိမ်းကြည့်နေကြသည်။ ၎င်းအကြည့်များက ကျားရဲတစ်ကောင်က သားငယ်တစ်ကောင်ကိုကြည့်တဲ့အကြည့်မျိုး ဖြစ်နေသည်။

သူရိန်တို့အဖွဲ့သည် ဝမ်းသာစရာဖြစ်သလို ထိတ်လန့်မှုများလည်း ဖြစ်နေသည်။

"ကဲ. . . စိတ်တိုင်းကျ သုံးဆောင်ကြပါ"

ငရဲမင်းသည် သူရိန်တို့အဖွဲ့ကို သီးသန့်ခန်းတစ်ခန်းအတွင်းကို ပို့လိုက်သည်။

ထိုအခန်းတွင်း၌ အရက်အိုးများနှင့် စားစရာများ အဆင်သင့်ဖြစ်နေသည်။

သူရိန်တို့အဖွဲ့သည် ဝိုင်းဖွဲ့၍ ထိုင်လိုက်ကြသည်။

အားလုံးအရက်သောက်ပေမယ့် သူရိန်ကတော့ သောက်ခြင်းမရှိ။

အားလုံးကို ထိုင်ကြည့်နေသည်။

"ကဲ. . . ခေါင်းဆောင်လေးအပါအဝင် သောက်ကြ စားကြပါ။ လိုအပ်တာရှိရင် ပြောကြပေါ့။ အဆင်ပြေစေရပါ့မယ်"

"ကောင်းပါပြီဗျာ"

"ဒါနဲ့ ကိုရဲမင်းဆို တစ်ခုလောက်မေးပါရစေ"

"ဘာများလဲဗျာ"

"စောစောက မိန်းကလေးက ဒီအိမ်ကြီးနဲ့ဘယ်လိုပတ်သက်လဲ။ နာမည်ရော ဘယ်လိုခေါ်လဲ"

"သခင်မလေးကိုပြောတာလား၊ သူ့နာမည်က လဝန်းစန္ဒာတဲ့။ လဝန်း





သခင်မလေးလို့ခေါ်ကြတယ်။ လက်မည်းကြီးရဲ့သမီးပဲ။ ဘာဖြစ်လို့မေးတာလဲ"

"သခင်မလေးလို့ခေါ်ကြတာကို စိတ်ဝင်စားလို့မေးတာပါ"

"သြော်. . . သြော်. . . ကဲ. . . ကဲ စားကြပါ၊ စားကြပါ"

ထိုသို့ပြောလိုက်သည်နှင့် အဖွဲ့သားများသည် အရက်နှင့်စားစရာများကို စိတ်ကြိုက်စားကြသည်။

စားစရာများသည် ဘယ်အရသာနှင့်မှမတူ မွှေးကြိုင်ပြီး အလွန်ကောင်းနေသည်။

"လွတ်လွတ်လပ်လပ်စားကြ သောက်ကြပါရှင်၊ ပြီးမှ ကျွန်မအဖေအခန်းထဲ လိုက်ပို့ပေးပါ့မယ်။ အဲ့ဒီအဖေအခန်းထဲမှာ ဆိုင်းဝိုင်းတွေ အဆင်သင့်ပြင်ဆင်ထားပါတယ်။ ငရဲမင်း. . . ဧည့်သည်တွေစားသောက်ပြီးရင် ကျွန်မတို့လာခေါ်လိုက်ပါ"

လဝန်းစန္ဒာ ရုတ်တရက်ရောက်ရှိလာတာကို ဘယ်သူမှ မသိလိုက်အောင် ဖြစ်သွားသည်။

သူရိန်သည် သူမကိုကြည့်ပြီး စိတ်တွေတစ်မျိုးလှုပ်ရှားလာသည်။

သူမသည် ယခုလိုကြတော့ အလွန်ချောမောလှပနေသည်။

ဝတ်စားဆင်ယင်ပုံနှင့် လှုပ်ရှားမှုများက မိဖုရားတစ်ပါးကဲ့သို့ ဖြစ်နေသည်။

သူရိန်သည် သူမကို မျက်တောင်မခတ်ကြည့်မိသည်။

သူရိန်ရဲ့စိတ်များ ဘယ်လိုလှုပ်ရှားနေပေမယ့် သူမကတော့ တုန်လှုပ်မှုအရိပ်အယောင်မပြပေ။

"ဟုတ်ကဲ့ပါ သခင်မ"

"စားကြနော် ဘာမှအားနာစရာမရှိပါဘူး"

"ဟုတ်ကဲ့ပါ"

ထိုသို့ပြောပြီးနောက် လဝန်းစန္ဒာသခင်မအနားကနေ ထွက်ခွာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူရိန်သည် အနားကထွက်ခွာသွားတဲ့သူမကိုကြည့်ရင်း အခြားနေရာများကို ကြည့်မိသည်။

အကြောင်းမှာ ၎င်းတို့အဖွဲ့ကို ကျွေးသလို အခြားအဖွဲ့များကို ကျွေးသလားဟု သိချင်စိတ်ဖြင့် ကြည့်နေမိသည်။

အကြောင်းမှာ ဘယ်လိုမှခွဲခြားထားခြင်းမရှိ၊ နေရာသာကွဲသွားသည်။ ထုံးဆန်းနေတာက မြေဝိုင်းထမင်းစားခုံကို ဝိုင်းထိုင်ပြီး ရွှေဟောင်းဒေါင်းလန်းအဝိုင်းများပေါ်တွင် စားစရာများစုပုံထည့်ထားသည်။

ထို့အတူ ဒေါင်းလန်းကြီးများနှင့် ထမင်းထည့်ပြီး စားကြရသည်။ တစ်ဦးတစ်ယောက်တည်းမဟုတ်၊ အားလုံးပါ ထိုကဲ့သို့စားကြရသည်။

အားလုံးရဲ့အဝတ်အစားများသည် သူရိန်တို့အဖွဲ့လို ပုံစံမဟုတ်။ နန်းစံနေသည်။ ရွှေ၊ စိန်၊ ပတ္တမြားများကို လက်ဝတ်ရတနာအဖြစ်ပြုလုပ်ဝတ်ဆင်ထားကြသည်။ သူဆင်းရဲသားများမရှိသလောက် ရှားပါးနေသည်။

စားသောက်ပြီးသူများသည် ၎င်းတို့ရောက်ရှိနေတဲ့အခန်းထဲကနေ အပြင်ကို ထွက်သွားကြသည်။

"ဒီလူတွေက ဘာလူတွေလဲကွာ။ ငါတော့ အရှင်လတ်လတ် ခေတ်ဟောင်းကို ပြန်ရောက်နေသလို ခံစားရတယ်။ ငါတို့အဘိုးတွေခေတ်တုန်းက အဝတ်အစားတွေ ဝတ်လို့ကွာ။ ဒီလူတွေမမှားရင် ငါတို့အဖွဲ့မှားနေတာပဲ။ သေချာတာကတော့ ငါတို့တစ်ခုခုမှားနေပြီကွာ။ ကုန်ကုန်ပြောရရင် ရေမင်းဆိုတဲ့ မင်းကစ ခပ်ဆန်းဆန်းပဲ"

"ကိုယ်နဲ့မပတ်သက်တာတွေ ဘာလို့စိတ်ဝင်စားနေရတာလဲ ဦးကြီးကျော်ရွှေ။ သူတို့ဘာသာ ဘာပဲဖြစ်နေနေ နေတတ်ရင် အေးဆေးလေးပါ။ ကျုပ်သိတာပြောပြနိုင်တာတစ်ခုကတော့ သူတို့ဟာ လက်မည်းကြီးရဲ့အသုဘကို ရောက်ရှိလာတဲ့သူတွေဆိုတာပါပဲ"





"ဟုတ်တယ် ဦးလေးကျော်ရွှေ ရေမင်းပြောတာ သမာသမတ်ကျတယ်။ အခါကက ကျုပ်တို့ဆိုင်းတီးဖို့လာကြတယ်။ ကျုပ်တို့အဖွဲ့ကို အိမ်ရှင်ဧည့်ခံတယ်။ ကျုပ်တို့က ဧည့်သည်တွေကို ဧည့်ခံရမယ်။ ရှင်းရှင်းလေးပဲလေ"

"အေး. . . မင်းတို့က အတွေ့အကြုံမှမရှိကြတာ ဘယ်ကြောက်ပါ့မလဲ။ ငါကတော့. . ."

"အဲဒါတော့ ဦးလေးကျော်ရွှေရဲ့အယူအဆတွေက မှားနေတာ။ ဦးလေးကျော်ရွှေသရဲကြောက်လား"

"ဘာတွေမေးနေတာလဲကွာ၊ ဒီအတိုင်းတောင် ထွက်ပြေးချင်စိတ်ပေါက်နေပါတယ်ဆိုမှ မင်းကတစ်မျိုး၊ ကြောက်တယ်ဟေ့ ကြောက်တယ်ဟ"

ဦးလေးကျော်ရွှေရဲ့စကားသည် အဖွဲ့သားတွေအတွက် တစ်မျိုးဖြစ်နေသည်။ ၎င်းသည် အတွေ့အကြုံရှိတဲ့သူတစ်ယောက်ဖြစ်သည်။ သူရိန်တို့သည် ဦးလေးကျော်ရွှေရဲ့အဓိပ္ပါယ်ကို နားမလည်နိုင်အောင် ဖြစ်နေကြသည်၊ ဘာပဲဖြစ်ဖြစ် အရက်သောက်တာကတော့မပြတ်အောင် ဖြစ်နေသည်။

"သရဲကိုမြင်ဖူးလား"

"ခုထိတော့ မမြင်ဖူးသေးဘူး"

"မမြင်ဖူးတာက ပိုပြီးကြောက်စရာကောင်းတာပေါ့ ဟုတ်လား ဦးလေးကျော်ရွှေ"

"အေးဗျာ စိတ်ကူးနဲ့ကို ကြောက်နေတာ နေစရာတောင် မရှိတော့ဘူး"

"ကျုပ်ပြောတာ အဲဒါပေါ့။ မမြင်ရတဲ့သူက မြင်ရတဲ့သူတွေထက်ပိုပြီး ကြောက်တယ်ဆိုတာ သဘောပေါက်သွားပြီလား"

"မင်းမသိပါဘူးကွာ"

"အဲဒါဆိုလည်း အရက်ကိုမူးအောင်သောက်ဗျာ"

"ဟုတ်တယ် ကြောက်ရင်သောက်ကြဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ငရဲမင်းက အရက်ခွက်ကိုပေးလိုက်သည်။

ဦးလေးကျော်ရွှေသည် တစ်ခါတည်း မော့သောက်လိုက်သည်။

"ကျုပ်ထဲ နဲနဲထည့်ဗျာ။ ကျုပ်က သိပ်မသောက်နိုင်ဘူး။ ခေါင်းကိုက်ပြီး မနက်ဆိုင်းမတီးနိုင်မှ ပြဿနာဖြစ်မှာ"

"တီးနိုင်မှာပါလေ။ ကိုယ့်လူနဲ့ လက်မည်းကြီးဟာ ဝါသနာတူတွေပဲ"

ခပ်ဩဩပြောလိုက်တဲ့အသံကြောင့် စိတ်ထဲတွင် ထိတ်လန့်ကုန်ကြသည်။

စကားပြောရင်း အရက်သောက်လာတာ အတော်ကိုကြာသွားသည်။ အရက်တွေလည်း ကုန်သလောက်ဖြစ်နေသည်။

"ကဲ. . . ထမင်းစားကြအုံး။ တော်ကြာအမူးလွန်ကုန်အုံးမယ်"

"ထမင်းစားမှ အမူးဒဏ်ကိုခံနိုင်ကြမှာပေါ့။ ဝင်သလောက်တော့စားကြဗျာ"

ငရဲမင်းစကားကို လက်ခံသည့်အနေနှင့် ထမင်းစားကြသည်။

ချက်ထားတဲ့ ဟင်းများသည် မွှေးကြိုင်ပြီး အလွန်အရသာရှိသည်။

သူရိန်တို့အဖွဲ့သည် စားသောက်ပြီးနောက် ထမင်းစားခန်းအပြင်ကို ထွက်လာခဲ့ကြသည်။

ထိုအချိန်တွင် ကျယ်လောင်တဲ့အသံများ ထွက်လာသည်။

သူရိန်အပါအဝင် တစ်ဖွဲ့လုံး တုန်ခနဲ ဖြစ်သွားသည်။ ရုတ်တရက် အနောက်ကို လှည့်ကြည့်လိုက်သည်။

"ဟင်"

"အမလေး"

အထိတ်တလန့် ဖြစ်သွားသည်။

လူအုပ်ကြီးတစ်အုပ်ကို အထင်းသားတွေ့လိုက်ရသည်။

လူများသည် သူရိန်တို့အဖွဲ့ကို စူးစူးစိုက်စိုက်ကြည့်နေကြသည်။





မျက်လုံးတွေက နီရဲရဲ၊ တချို့က စိမ်းဖန့်ဖန့် ထိုလူတွေကို ကြာကြာမကြည့်ရဲအောင် ဖြစ်သွားသည်။

"ဩော်. . . စားပြီးကြပြီလား။ လာ. . . လာ အဖေ့အခန်းကို သွားကြရအောင်"

လဝန်းစန္ဒာကိုတွေ့လိုက်ရ၍ ကြောက်စိတ်တွေ လွင့်စင်ကွယ်ပျောက်သွားသည်။ သူမသာရောက်ရှိမလာရင် အသက်သေသွားနိုင်သည်။

သူရိန်သည် သူမကိုကြည့်လိုက်သည်။

သူမသည် သူရိန်နှင့် စတွေ့တုန်းကမျက်နှာပုံစံမျိုးမဟုတ်တော့။ အလွန်ချောမောလှပနေသည်။

သူမရဲ့အနေအထားက သူရိန်ရဲ့စိတ်တွေကို လှုပ်ရှားစေသည်။ သူရိန်တို့သည် ခေါ်ရာအနောက်ကို လိုက်ခဲ့ကြပေတော့သည်။

♣♣♣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း – (၁၁)

သူရိန်တို့အဖွဲ့သည် လဝန်းစန္ဒာသခင်မရဲ့အနောက်က လိုက်လာကြသည်။

သူမသည် ဖန်မီးအိမ်ငယ်တစ်လုံးကိုကိုင်ကာ ရှေ့ဆုံးမှ လျှောက်လှမ်းနေသည်။

အားလုံးရဲ့အနောက်မှာ အောက်လင်းမီးအိမ်ကြီးကိုဆွဲပြီး လိုက်နေသူက ငရဲမင်း။

ငရဲမင်းလက်ထဲက အောက်လင်းမီးအိမ်ရဲ့အလင်းရောင်သည် ဝန်းကျင်တစ်ခုလုံး လင်းထိန်နေသည်။

သူရိန်တို့သည် တစ်ခန်းပြီးတစ်ခဲန်းကွေ့ပတ်သွားရင်း လမ်းသည် တဖြည်းဖြည်းကျဉ်းကျဉ်းလာသည်။ နှစ်ပေကျော် သုံးပေလောက်လမ်းသည် တစ်ခါတရံ လူတစ်ကိုယ်စာ အတိအကျကျဉ်းမြောင်းသွားသည်။

လမ်းကလေးသည် တဖြည်းဖြည်းကျဉ်းလာသည်နှင့်အမျှ နိမ့်ဆင်းနေသည်။ လမ်းသည် မြေအောက်အခန်းဆီကို ဦးတည်နေသည်ဟု ထင်မှတ်နေသည်။

ထူးခြားသည်က လှေကားထစ်များအတိုင်း နိမ့်ဆင်းနေခြင်းမျိုးမဟုတ်ဘဲ အိမ်၏အနားသတ်တလျှောက် တစ်ပတ်ပြီးတစ်ပတ် လျှောက်ရင်း တဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း နိမ့်ဆင်းသွားသလိုမျိုး ဖြစ်နေသည်။

တစ်နေရာအရောက်တွင် လမ်းသည် အလွန်ကျဉ်းလှ၍ ကိုယ်ကို အသာ ကျုံ့ထားရသည်။ သူတို့စိတ်ထဲတွင် ဘေးဝဲယာနံရံနှစ်ဘက်က လင်ကွင်းနှစ်ချပ် တီးသလို ညှပ်ပိတ်ပစ်လိုက်လေမလား အောက်မေ့နေရသည်။

ကျဉ်းမြောင်းလှတဲ့ ဝဲယာနံရံနှစ်ဘက်ကို သူရိန်လက်ဖြင့် အသာအယာ ပွတ်သပ်စမ်းကြည့်လိုက်မိသည်။ ထို့ကြောင့် ကြက်သီးများထလာသည်။ မွန်းကြပ်ပြီး ချွေးစီးချွေးပေါက်များ ထွက်ကျလာသလို ထင်မှတ်မိသည်။

သူရိန်သည် စပ်စုမိတဲ့ ၎င်းရဲ့စိတ်ကို အပြစ်တင်မိသည်။ နံရံကိုပွတ်သပ်မိတဲ့လက်များကို ချက်ချင်းရုတ်သိမ်းလိုက်သည်။ ဘာရယ်မဟုတ် လက်တွေကို သုံးမိသည်။

အနောက်ကလိုက်လာတဲ့အဖွဲ့သားတွေ ဘယ်လိုထင်သလဲမသိ၊ သူရိန် စိတ်တွေက တုန်လှုပ်နေသည်။

နံရံသည် ထင်မှတ်ထားသလို စကျင်ကျောက်သားနံရံမဟုတ်၊ သစ်သား အုတ်၊ ကျောက်၊ ကြွေပြား၊ အထပ်သား၊ ဂျက်ဆင်ဘုတ်တစ်မျိုးမှမဟုတ်၊ လုံးဝ လုံးဝမျှော်လင့်မထားတဲ့အရာတစ်မျိုး ဖြစ်နေသည်။ သူရိန်သည် နံရံကို ဆက်လက်ကိုင်တွယ်ရန် ဝန်လေးသလို မထိအောင်ကြိုးစားနေသည်။

နံရံကို ဘာနှင့်များပြုလုပ်ထားသလဲဆိုတာ သိချင်လာသည်။ မီးအလင်းရောင်မှတဆင့် ကြည့်လိုက်သည်။ အရောင်မှာ အညိုရောင်များသန်းနေသည်မို့ ဆက်လက်ကြည့်ရှုရန် ဝန်လေးနေသည်။

"ဟာ. . . နံရံကြီးကလည်း အုတ်နံရံကြီးနဲ့လည်း မတူဘူး။ တစ်မျိုးကြီး ပါလား"

မင်္ဂလာကြည်ရဲ့အသံကြောင့် အားလုံးသတိရသွားကြသည်။

"ဟာ. . . ဟုတ်ပါ့ဗျာ၊ တစ်မျိုးကြီးပဲ"





"ဟေ့. . . စကားပြောဆင်ခြင်ပါကွာ"

အဖွဲ့ထဲက တစ်ယောက်ပြောလိုက်သည်။ အားလုံးတိတ်ဆိတ်သွားကြသည်။

"အဖေ့ရဲ့အခန်းကို ရောက်ပါပြီရှင်"

လဝန်းစန္ဒာရဲ့စကားကြောင့် အာရုံများပြောင်းလဲသွားကုန်ကြသည်။

၎င်းတို့သည် ခန်းမကျယ်ကြီးတစ်ခန်းကို တွေ့လိုက်ကြရသည်။

အခန်းကြီးကိုတွေ့လိုက်သည်နှင့် သူရိန်အလွန်အံ့သြသွားသည်။

အခန်းကြီးသည် မဏ္ဍပ်ကြီးတစ်ခုမျှ ကျယ်ဝန်းတဲ့အခန်းတစ်ခုဖြစ်သလို လူနေထိုင်တဲ့အခန်းနှင့်မတူဘဲ အနုပညာအခန်းကြီးတစ်ခန်းနှင့် တူနေပေတော့သည်။

♠♠♠



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-(၁၂)

"ဟာ. . . အလွန်ခန့်ညားတဲ့အခန်းကြီးပဲ"

"ဟုတ်လိုက်လေကွာ"

သူရိန်စကားကို ထောက်ခံသူမှာ ဦးလေးကျော်ရွှေဖြစ်နေသည်။

ကျန်လူများသည် အရက်မူးပြီး ပတ်ဝန်းကျင်ကို သတိမထားမိအောင် ဖြစ်နေကြသည်။

သူရိန်တို့သည် ခန့်ညားတဲ့အခန်းကြီးထဲကို ဝင်ရောက်သွားသည်။ တစ်ခန်းလုံးအောက်လင်းဓာတ်မီးရောင်နှင့် လင်းထိန်နေသည်။ နံရံမှာချိတ်ဆွဲထားတဲ့ ပန်းချီကားများကို အထင်သားတွေ့လိုက်ရသည်။

ထို့အတူ အခြားထူးဆန်းတာတွေ အခန်းတွင်းမှာ ရှိနေသေးသည်။

သူရိန်သည် နံရံကိုကြည့်ပြီး တစ်နေရာကိုကြည့်လိုက်သည်။ အခန်းထဲတွင် ဗုံတို၊ ဗုံရှည်၊ အိုးစည်တို့ ရှမ်းအိုးစည်၊ စည်တော်၊ စည်ကြီးတော်မောင်း အစွယ်အစားအမျိုးမျိုးကို နေရာတကျထားသည်ကို တွေ့ရသည်။

ထို့အတူ နေစဉ်နှင့်အမျှ သန့်ရှင်းရေးပြုလုပ်ထားသလို အရောင်များတောက်ပြောင်လက်တောက်ပနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းမှာ ဆိုင်းနှင့်ပတ်သက်တာတွေ စုံလင်စွာရှိနေသည်။ ဆိုင်းလာရောက်ငှားစဉ်က လူသာလာခဲ့ပါ။ ဆိုင်းနှင့်ပတ်သက်တာ အပြည့်အစုံရှိသည်ဟု ပြောသွားသည်။

သူမပြောတဲ့အတိုင်း ဆိုင်းဝိုင်းအပါအဝင် ပြည့်စုံစွာ ရှိနေသည်။

သူရိန်သည် ဆိုင်းဝိုင်းကြီးကိုတွေ့လိုက်ရ၍ တီးချင်စိတ်များ ထိန်းမရတားမရအောင် ဖြစ်နေသည်။

"ဟာ. . . ဘယ်လိုဖြစ်တာပါလိမ့်"

အထိတ်တလန့် ဖြစ်သွားသည်။

လှမ်းနေတဲ့ခြေလှမ်းကို ရုတ်တရက်ရပ်လိုက်မိသည်။

အဖွဲ့သားများ ဘာမှမဖြစ်ပေမယ့် သူရိန်အတွက်တော့ ချောက်ချားနေသည်။

ဆိုင်းဝိုင်းရဲ့အရှေ့တွင် ကုတင်နှစ်လုံးယှဉ်၍ ချထားသည်။

ကုတင်ပေါ်တွင် လူနှစ်ယောက်ရှိနေသည်။ ၎င်းတို့သည် သေဆုံးနေသူများ ဖြစ်သည်။

သူရိန်သည် လဝန်းစန္ဒာဆိုတဲ့မိန်းကလေးအား ကြည့်လိုက်သည်။ လဝန်းစန္ဒာရဲ့မျက်နှာသည် ရွှင်လန်းမှုမရှိဘဲ ကြေကွဲနေသည်။

ငရဲမင်းဆိုသူသည် အောက်လင်းမီးကို တစ်နေရာတွင် ချိတ်ဆွဲပြီး ၎င်းတို့အဖွဲ့အိပ်စက်ရန် ပြင်ဆင်ပေးနေသည်။

သူရိန်သည် ကုတင်ပေါ်က အလောင်းကြီးအား ကြည့်နေသည်။

အလောင်းကြီးရဲ့လက်နှစ်ဖက်မှာ ချည်နှောင်ထားခြင်းမရှိ၊ အိပ်ပျော်နေသလို ခန္ဓာကိုယ်ရဲ့ဘယ်ညာမှာ လက်များချထားသည်။

အလောင်းကြီးက ဖျော့တော့သွေးခြောက်စပြုနေပေမယ့် ညာဘက်လက်ကြီးက ကတ္တရာစေးသုတ်ထားသလို နက်မှောင်ပြောင်လက်နေသည်။





သူရိန်သည် လက်မည်းကြီးကို သေချာကြည့်နေ၏။ တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် အလွန်တုန်လှုပ်သွားသည်။

ပက်လက်အနေအထားရှိနေတဲ့လက်မည်းကြီးက တစ်ဖက်ကို ပြောင်းလိုက်သလို အနေအထားပြုလုပ်လိုက်သည်။

"အမလေး"

"ဘာလဲဟ"

"ဘာဖြစ်တာလဲ သူရိန်"

"သူရိန် ဘာဖြစ်တာလဲ"

သူရိန်အဖြစ်မှန်ကို အမှန်အတိုင်းပြောရန် ဝန်လေးနေသည်။ ၎င်းတို့ကိုပြောလိုက်လျှင် မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာကို စိုးရိမ်နေသည်။

အသုဘရှင်လဝန်းစန္ဒာကို အားနာရသည်။ ထိုသို့ပြောလိုက်လျှင် သူမအတွက် အနှောင့်အယှက်ဖြစ်သွားမှာကို စိုးရိမ်သည်။

"ဘာမှမဟုတ်ပါဘူးဗျာ၊ ဒါနဲ့သခင်မကို ခွင့်တစ်ခုလောက်တောင်းချင်လို့ပါဗျာ"

"ပြောလေ၊ ဘာလိုအပ်လို့လဲ၊ အားမနာပါနဲ့ ပြောပါကိုသူရိန်"

"ဒီလိုပါ၊ ကျုပ်တို့တီးရမှာက ဒီဆိုင်းဝိုင်းကြီးလား"

"ဟုတ်ပါတယ်၊ မကြိုက်လို့လား"

သူရိန်သည် စကားလမ်းကြောင်း ပြောင်းလိုက်ရသည်။

တွေ့လိုက်ရတဲ့မြင်ကွင်းမှာ အလောင်းစင်ပေါ်တွင် အလောင်းက နှစ်လောင်းဖြစ်နေသည်။

မည်ကဲ့သို့ဖြစ်ရတာလဲ။ တစ်ယောက်သေဆုံးပြီး နောက်တစ်ယောက် သေဆုံးသွားတာလား။

ပြိုင်တူသေတာလား။



www.burmeseclassic.com

www.burmeseclassic.com



မသမာသူတွေ သတ်လိုက်တာလား။

ထိုနေရာကိုလာတုန်းက တွေ့လိုက်သည့်သူများက လက်မည်းကြီးကို စတောင်းဆိုးဝါးလို့ မြင်နေကြသည်။

ဇင်းကိစ္စကို သိချင်နေကြသည်။

သူများကိစ္စဖြစ်နေ၍ မေးရန်အလွန်ခက်ခဲနေသည်။

"အင်မတန်ကြိုက်ပါတယ်။ အလွန်ခမ်းနားတဲ့ဆိုင်းဝိုင်းကြီးပဲဗျာ။ မကြိုက်စရာမရှိပါဘူး။ ကြိုက်လွန်းလို့ တီးကွက်သုံးလေးကွက်လောက် အစမ်းတီးကြည့်ချင်လို့ပါ။ ညဘက်ဆိုတော့ ပတ်ဝန်းကျင်ကို အားနာလို့ အရင်ခွင့်တောင်းကြည့်တာပါ"

"အို . . . ဘာမှအားမနာပါနဲ့။ ရှင်သာတီးမယ်ဆိုရင် အဖေတွေက သိပ်ကြိုက်တာပေါ့။ တီးပါရှင်၊ ကျွန်မလည်း ရှင်တို့အဖွဲ့လက်သံ မြည်းစမ်းနားထောင်ရတာပေါ့"

"အလွန်ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် . . ."

"ဒါပေမယ့်က ဘာလဲကိုသူရိန်၊ အားမနာပါနဲ့။ ရှင်မေးစရာရှိတယ်ဆိုတာ ကျွန်မသိပါတယ်၊ မေးပါရှင်"

လမ်းကြောင်းပေးနေတဲ့ သူမကို တစ်ချက်ကြည့်လိုက်သည်။

စိတ်ထဲက ကျေနပ်နေမိသည်။

သူမသည် သူရိန်မေးလိုက်တာကို ဖြေမည်ဟု ထင်မှတ်နေသည်။ တကယ်လို့ မဖြေရင်တောင် စိတ်ဆိုးလိမ့်မည်မဟုတ်ဟု ထင်မှတ်နေသည်။

သူရိန်သည် လဝန်းစန္ဒာကို ကြည့်လိုက်သည်။

သူမကလည်း ပြန်ကြည့်နေသည်။

အကြည့်ခြင်းဆုံ၍ ရင်ခုန်နေကြသည်။

"ကိုသူရိန်မေးမယ်ဆိုတာဘာလဲ။ မေးပါ၊ ကျွန်မကိုအားမနာပါနဲ့၊ ရှင့်ရဲ့





မေးခွန်းကိုလည်း ကျွန်မဖြေနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ အဲဒီလိုပဲ ရှင့်ဘက်ကလည်း ရိုးသားတဲ့မေးခွန်းမျိုးဖြစ်လိမ့်မယ်လို့ ထင်ပါတယ်"

သူမစကားကြောင့် သူရိန်ဘာပြောရမှန်းမသိအောင်ဖြစ်သွားသည်။ တကယ်တော့ သူရိန်သိချင်တာက အလွန်ရိုးသားသည်။

တစ်ဖက်သား နစ်နာစေလိုစိတ်မရှိ။

လဝန်းသခင်မသည် သူရိန်အနားကို တိုးကပ်လာသည်။

နှစ်ယောက်သား ထိလုမတတ်ပင်ဖြစ်နေသည်။ သူမရဲ့အကြည့်များသည် သူရိန်နှလုံးသားကို လှုပ်ရှားစေသည်။

"ဟင် . . . အို"

သူမထံက ထွက်လာတဲ့အသံသည် ကြင်နာမှုများ လွှမ်းမိုးနေသည်။ သူရိန်သည် လဝန်းသခင်မကို တိုက်မိသွားသည်။

သူမရဲ့အကြည့်များသည် သူရိန်ရဲ့နှလုံးသားတွေကို လှုပ်ရှားစေသည်။ စိတ်ကို ထိန်းချုပ်ရင်းက ယခုလို ဖြစ်သွားသည်။

"တောင်းပန်ပါတယ်ဗျာ"

"ရပါတယ်ရှင်၊ ကျွန်မမှားတာပါ။ ဒါနဲ့ ရှင်ဘာမေးမှာလဲ မေးလေ"

"တခြားတော့ မဟုတ်ပါဘူး။ အခုအလောင်းက နှစ်လောင်းဖြစ်နေတယ် ဘာကြောင့်လဲ၊ သူတို့နဲ့ ခင်ဗျားက ဘယ်လိုတော်စပ်လို့လဲ"

"ဒါဟာ အလွန်ကောင်းတဲ့မေးခွန်းပါ။ ကျွန်မကလည်း အဲဒီလိုလူတို ရှာနေတာကြာပြီ။ ဘယ်သူမှမမေးသလို မေးရမှာကြောက်တဲ့လူတွေ အများကြီးရှိတယ်။ ကျွန်မမှာ မိဘနှစ်ပါးလုံးမရှိကြတော့ဘူး၊ အဲဒီလိုပဲ မိဘများရဲ့ မျက်နှာကိုလည်း မမြင်ဖူးလိုက်ဘူး"

"ဘာလို့မမြင်ဖူးတာလဲ"

"ကျွန်မရက်သားမှာ သေဆုံးသွားကြတယ်လို့ ဖေဖေကြီးပြောပြလို့



www.burmeseclassic.com

www.burmeseclassic.com



သိရတယ်"

"ဖေဖေကြီးဆိုတာ လက်မည်းကြီးကိုပြောတာလား"

"အားလုံးက လက်မည်းကြီးတွေပဲ။ ဖေဖေကြီးဆိုတာမရှိတော့ဘူး။ သေသွားပြီ"

"ကျုပ်နားမလည်တော့ဘူး"

"ကျွန်မလက်ခံပါတယ်။ ရှင်သိအောင်ပြောပြပါ့မယ်။ ကျွန်မကိုမွေးစားတာ သုံးယောက်ပါ။ မွေးစားအဖေသုံးယောက်ပေါ့ရှင်၊ သူတို့တွေက လူပျိုကြီးတွေပဲ။ လောကီပညာအလုပ်ကို လုပ်ကြတယ်။ ဆေးဖော်တယ်။ ဖိုထိုးတယ်။ တရားအားထုတ်တယ်။ အလွန်ချမ်းသာကြွယ်ဝသူတွေဆိုတော့ အလုပ်မလုပ်လည်း စားနိုင်တယ်။

သူတို့ဟာ ချမ်းသာသလို မနေကြဘူး။ တစ်ကိုယ်ရေသန့်ရှင်းရေးလည်း မလုပ်ကြဘူး။ ဖြစ်သလိုနေတယ်။ အဲဒီလိုနေတော့ သူတို့ကို မကောင်းဆိုးဝါးတွေလို့ ထင်နေကြတယ်။ ဘယ်သူမှ ခေါ်မပြောမလုပ်ကြဘူး။ အဲဒီထဲမှာ ဖေဖေ(၁)ဟာ အလွန်သဘောကောင်းပြီး အစွမ်းထက်တယ်။ အားလုံးက သူ့ကိုပိုကြောက်ရတယ်။ ကျွန်မကိုလည်း သခင်မလို့ခေါ်ကြတယ်။ အားလုံးကိုလည်း ခေါ်ခိုင်းတယ်။ သခင်မလိုပဲနေထိုင်ရတယ်။ ကျွန်မအရွယ်ရောက်တော့ အဖေများရဲ့စားရေး သောက်ရေးကို ကျွန်မက စီမံပေးရတယ်"

"အလွန်စိတ်ဝင်စားစရာပဲ၊ ဒါနဲ့ ဟိုမှာက. . ."

"အခုသေသွားတာက တစ်ယောက်ထဲကပါ။ တစ်ယောက်က မသေပါဘူး။ ကတိတွေထားခဲ့ကြတယ်။ တစ်ယောက်သေသွားရင် ကျန်တဲ့သူက အလောင်း မြေမကျတဲ့အထိ သေသလိုနေရမယ်။ ဒါကြောင့် အဲဒီလိုဖြစ်သွားတာပါ"

"သဘောပေါက်ပါပြီဗျာ"

"ပြီးရင် ကျွန်မအခန်းထဲလိုက် လေ့လာအုံးပေါ့"





"စိတ်ချပါ လဝန်းသခင်မ၊ အခုတော့ မလိုက်နိုင်တာကို ခွင့်လွှတ်ပေးပါ"

"အဲဒီလောက်တောင်းပန်စရာမလိုပါဘူးရှင်"

"ကျေးဇူးတင်ပါတယ် လဝန်းသခင်မ"

နှစ်ယောက်သားပြုံးလိုက်ကြသည်။

လဝန်းစန္ဒာသည် လက်မည်းကြီးသုံးယောက်ရဲ့မွေးစားသမီးဖြစ်သည်။ လက်မည်းကြီးတွေသည် မွေးစားသမီးလေးကို ချစ်လွန်းလို့ သခင်မလေးဟု သတ်မှတ်ထားကြသည်။ အားလုံးကိုလည်း သခင်မဟုခေါ်ကြရန် အမိန့်ထုတ်ထားသလို လက်မည်းကြီးညီအစ်ကိုသုံးယောက်ကလည်း သခင်မဟု ခေါ်ကြသည်။

စံအိမ်ကြီးမှာရှိသူများသည် လဝန်းစန္ဒာကို စံအိမ်ကြီးရဲ့သခင်မဟု သတ်မှတ်ထားသည်။ လက်မည်းကြီးညီနောင်သုံးယောက်ကို သခင်မကိုစောင့်ရှောက်ရတဲ့ဘီလူး(သို့) လူကြမ်းကြီးသုံးယောက်ဟု ထင်မှတ်ထားကြသည်။

သူရိန်သည် လဝန်းသခင်မနှင့် အတန်ကြာစကားပြောပြီးနောက် သူရိန်သည် ဆိုင်းတီးရန်ဆုံးဖြတ်လိုက်သည်။

သူရိန်သည် လက်မည်းကြီးကို လူတွေဘာကြောင့် ကြောက်လန့်ကြသလဲဆိုတာ သိသွားသည်။

"ကဲ. . . ကဲ နည်းနည်းစမ်းကြည့်ကြရအောင်"

"အေး. . . ကောင်းတယ်"

သူရိန်တို့အဖွဲ့သည် အသင့်ပြင်ဆင်ထားတဲ့ဆိုင်းဝိုင်းအတွင်းကို ဝင်လိုက်ကြသည်။

သူရိန်ကတော့ ဝိုင်းကြီးအတွင်းကို ဝင်လိုက်သည်။

သူရိန်သည် ပတ်လုံးလေးများကို စမ်းသပ်သည့်သဘောဖြင့် တီးကြည့်လိုက်သည်။

ပတ်လုံးလေးများက ထွက်လာတဲ့အသံသည် အလွန်ကြည်သာလှသည်။



www.burmeseclassic.com

www.burmeseclassic.com

ရင်းတို့တီးမယ့်အချိန်မှာ ပရိသတ်ဟူ၍ လဝန်းသခင်မတစ်ယောက်သာရှိသည်။

သူမသည် ထိုသို့ထွက်လာတဲ့အသံများကြောင့် အလွန်ပျော်ရွှင်ပြီး ပြုံးနေသည်။

"ကဲ. . . စလိုက်ကြစို့"

"အဆင်သင့်ပဲ"

တုတ်. . . ပလုတ်တုတ်. . . ဖြုန်း အစ

တုံချမ်း တုံချမ်း အလယ်

ပလို့ပတ် ဂျီ အဆုံး

သူရိန်တို့အဖွဲ့ တိုင်ပင်ကိုက် လက်တွေ့သွားကြသည်။

ဆိုင်းသံသည် ခန်းမတစ်ခုလုံးကို ကျယ်လောင်စွာ လွှမ်းမိုးသွားသည်။ ကြားရသူများသည် ဆိုင်းသံကြောင့် 'ထ'ကချင်တဲ့စိတ်များ ဖြစ်ပေါ်လာကြသည်။

"ဖြောင်း ဖြောင်း ဖြောင်း"

လဝန်းသခင်မ လက်ဖဝါးလေးတွေ သွေးခြည်ဥများထလောက်အောင် လက်ခုပ်လက်ဝါးတီးပြီး အားပေးရှာသည်။

"ကောင်းလိုက်တဲ့လက်သံရှင် ကောင်းလိုက်တာ"

နှစ်လိုအားရဖွယ် ချီးမွမ်းလိုက်သည်။

"ကဲ. . . ရွာစားရေ၊ မနက်အတွက် အားမွေးထားလိုက်ကြစို့၊ မိန်းကလေးလည်း အိပ်ချင်ရှာရော့မယ်"

"ငါတို့လည်း အိပ်ချင်လို့ တည့်တည့်ပြောစမ်းပါကွာ။ မင်းကစကားပြောရင် ဝေ့လည်ကြောင်ပတ်နဲ့ကွာ"

"ဦးလေးကျော်ရွှေကော မအိပ်ချင်လို့လား"

"ပွဲဆက်လေးရှိနေသေးတယ်ကွာ"





တစ်ယောက်တစ်ပေါက် ပြောဆိုရယ်မောနေကြသည်။

သူရိန်တို့အဖွဲ့ရဲ့ပျော်ရွှင်မှုကို လဝန်းသခင်မအတွက် ကျေနပ်စရာများစွာ ဖြစ်ရသည်။

လဝန်းသခင်မ အပြုံးများစွာဖြင့် သူရိန်ကိုကြည့်လိုက်သည်။

"ကဲ. . . ရှင်တို့အဖွဲ့နဲ့ တွေ့ရတာပျော်စရာကောင်းပါတယ်။ ကဲ. . . လွတ်လွတ်လပ်လပ်နေကြပါ။ ကျွန်မလည်း ကျန်တဲ့ညေ့်သည်တွေ ညေ့်ခံဖို့ရှိသေးလို့ ခွင့်ပြုပါအုံး၊ ကိုသူရိန်အရေးကြီးကိစ္စရှိရင် ကျွန်မကို အရင်ဆုံးတွေ့ပါ"

"ကောင်းပါပြီ သခင်မလေး"

ထိုသို့ပြောပြီးနောက် ကျောပေးထွက်သွားတဲ့လဝန်းစန္ဒာရဲ့ကျောပြင်လေးကိုကြည့်ရင်း ကျန်ရစ်ခဲ့သည်။

"အဟမ်း. . . အဟမ်း. . . အဟမ်း"

မင်္ဂလာကြည်ရဲ့လုပ်ချောင်းသံကြောင့် သူရိန်ရဲ့အကြည့်က လမ်းတစ်ဝက်တွင် ပျောက်ကွယ်သွားသည်။

သုခနှုတ်ဖိုးသူရိန်ရေ ဒွေးမယ်နော်လဝန်းသခင်မလေးကို ကြိုက်တာလည်း ကြိုက်ပေါ့။ ကျုပ်တို့ကို တစ်ရေးလောက်တော့ အိပ်ခွင့်ပြုပါအုံးဗျာ"

"ဟာ. . . မဟုတ်တာဗျာ"

ထိုသို့ပြောပြီး အနီးရှိအရက်ကို မော့သောက်လိုက်သည်။ ကျန်သူတချို့တ အိပ်မောကျလို့ တချို့က တခေါ်ခေါ်နဲ့ဟောက်တဲ့အသံများ ထွက်ပေါ်နေသည်။

ဘယ်သူတွေ ဘာပဲပြောပြော သူရိန်ကတော့ ဆိုင်းဝိုင်းကြီးထဲက ပတ်လုံးလေးတွေကို တီးရတာ အလွန်ကျေနပ်ပျော်ရွှင်နေပေသည်။

♣♣♣


www.burmeseclassic.com

www.burmeseclassic.com



## အခန်း–(၁၃)

သူရိန်သည် ဝိုင်းကြီးအတွင်းက ပတ်လုံးလေးများကိုတီးရင်း စိတ်ထဲမှာ အရိပ်နှစ်ခုပေါ် ထွက်လာသည်။

တစ်ခုက အရာရာကိုနားလည်မှုပေးပြီး ချစ်နေတဲ့သူငှေးမသမီးဘရဏီ။

ဘရဏီသည် ခေတ်ပညာကို ဘွဲ့ရသည်အထိ သင်ကြားအောင်မြင်ပြီးသူ ဖြစ်သည်။

သူရိန်ကိုလည်း အသက်လောက်ချစ်သည်။

ဘာမဆို အလိုလိုက်ပြီး အနစ်နာခံသည်။

စိတ်သာချမ်းသာမယ်ဆိုလျှင် သူမရဲ့အသက်သေတဲ့အထိ စွန့်လွှတ်ပေးရန် အသင့်ရှိနေသည်။

ချမ်းသာကြွယ်ဝတဲ့သူတစ်ယောက်နှင့် လက်ထပ်ပေးရန် မိဘများက စီစဉ်ခဲ့သော်လည်း ဘရဏီလက်မခံ။

မိမိကိုမှ လက်ထပ်ယူခွင့်မပြုရင် အဆိပ်သောက်သေမည်ဟု ပြောထား၍ ခွင့်လွှတ်ထားကြသည်။

ဒုတိယအရိပ်တစ်ခုက လဝန်းသခင်မ။



www.burmeseclassic.com

www.burmeseclassic.com

လဝန်းသခင်မသည် ဘယ်လိုလူစားလဲ။

လူလော နတ်လော နာနာဘာဝလော ဥစ္စာစောင့်လော ဘာလဲဆိုတာ မသိရပေ။

လဝန်းသခင်မသည် ဘာပဲဖြစ်ဖြစ် သူ့သွေးခုန်နှုန်းတွေကို ကပြောင်းတပြန် ဖြစ်အောင်လုပ်နိုင်သည်မှာ ဘရဏီနှင့် ထပ်တူညီမျှနေသည်။

လဝန်းသခင်မရဲ့အလှသည် ဖြူနုသွယ်လျသည်။

ပုရိသယောကျ်ားများရဲ့စိတ်ကို ဆုတ်ကိုင်လှုပ်ယမ်းနိုင်စွမ်းရှိနေသည်။

သူရိန်သည် အတွေးနယ်ချဲ့လာခဲ့ရာ ဘယ်လောက်အချိန်ကြာသွားမှန်း မသိအောင်ဖြစ်သွားသည်။

"အဟီး. . . ဟီး"

"ကောင်းတယ်ကွာ"

"အဟီး. . . ဟီး"

တုန်ရီတွန့်ကွေးတဲ့အသံနက်ကြီးတစ်ခုပေါ်လာသည်။ အိပ်ချင်ငိုက်မြည်းနေတဲ့စိတ်များ လွင့်စင်ပျောက်ကွယ်ကာ မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားသည်။

အသံသည် ဘယ်ကထွက်လာတာလဲ။

အခန်းဝဆီမှမဟုတ်။

မင်္ဂလာကြည်ထံမှမဟုတ်။

အရက်သမားသုံးယောက်ထံမှမဟုတ်။

အခန်းတစ်ခုလုံးကို ကြည့်လိုက်သည်။

ထူးခြားမှုတစ်စုံတစ်ရာမရှိ။

ကြက်သီးများထလာသည်။

အသံသည် အမှန်တယ်ထွက်ပေါ်လာခြင်းဖြစ်သည်။





နားကြားမှားတာမဟုတ်။

လွဲမှားမှုတစ်ခုတော့ ဖြစ်နေပြီဟု တွေးရင်း ဆက်လက်ကြည့်နေမိသည်။

"အမလေးဗျာ"

သူရိန်သည် ဝယ်သံပါအောင် အော်မိသည်။

တစ်ကိုယ်လုံးနတ်ပူးသလို ငှက်ဖျားတက်သလို ဆတ်ဆတ်ခါတုန်နေသည်။

အထိတ်တလန့် ဖြစ်နေသည်။

အဘယ်ကြောင့်ဆိုရလျှင်

ပလက်လှန်လှဲနေတဲ့ လက်မည်းကြီးဆိုတဲ့အလောင်းကောင်ကြီးသည် ဖြုန်းခနဲ သူ့ဘက်သို့ ဘေးတစောင်းလှည့်လာပြီး မျက်လုံးနှစ်လုံးပွင့်သွားသည်။

ထို့နောက် ကြီးမားတဲ့ပါးစပ်ကြီးကို မိုင်ကုန်ဖြဲကာ သွားသုံးဆယ့်နှစ်ချောင်းပေါ်အောင် ပြုံးပြီး ကြည့်နေပေတော့သည်။

ငင်းမြင်ကွင်းကြောင့် သူရိန်သည် နေစရာမရှိအောင် ဖြစ်နေပေသည်။

ထွက်ပြေးရန် ရုတ်တရက်လွယ်ကူခြင်းမရှိ။

သူရိန်သည် ကျယ်လောင်တဲ့အသံဖြင့် မင်္ဂလာကြည်အား နှိုးလိုက်သည်။ သို့သော် အရက်ရဲ့နှိပ်စက်မှုကြောင့် နိုးခြင်းမရှိ။

ခန်းမကြီးအတွင်းမှာ သူရိန်တစ်ယောက်တည်းရှိနေသည်။

သို့သော် ယခုလှုပ်ရှားလာတဲ့လက်မည်းကြီး။

လက်မည်းကြီးသည် မည်သို့ပြုလုပ်မလဲ။

အသက်ကို အန္တရာယ်ပြုမှာလား။

လက်ရှိအချိန်မှာ လဝန်းသခင်မ သို့မဟုတ် အဖော်တစ်ယောက်သာ ရှိနေလျှင် အလွန်ကောင်းမည်ဟု ထင်မှတ်နေသည်။

တကယ်တမ်းကြတော့ တစ်ယောက်မှမရှိအောင် ဖြစ်နေသည်။ သူရိန်သည် ဝိုင်းကြီးအပြင်ကိုထွက်ရန် စိတ်ကူးနေစဉ်. . .


www.burmeseclassic.com

www.burmeseclassic.com

"အား"

"အမလေး"

လက်မည်းကြီးသည် ဝုန်းခနဲ ထထိုင်လိုက်သည်။

တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် လိပ်ပြာလွင့်မတတ် ဖြစ်ရသည်။

တစ်သက်နှင့်တစ်ကိုယ် ဒီလိုအဖြစ်မျိုး တစ်ခါမှ မကြုံဖူးပေ။ ကြောက်ရွံ့ထိတ်လန့်၍ တစ်ကိုယ်လုံးတုန်လှုပ်နေသည်။

ခြေလှမ်းများလှမ်းရန် ခက်ခဲနေသည်။

လက်မည်းကြီးသည် ရန်မူလိုတဲ့အမူအရာမပြ၊ ပြုံးစိစိနှင့် ကြည့်နေသည်။ ထိုသို့ပြုံးနေတာက ခြောက်လှန့်နေသလို ထင်မှတ်ရသည်။

ထို့နောက် လက်မည်းကြီးသည် လက်ဟန်ခြေဟန်ပြပြီး တစ်ခုခုလုပ်ပြသည်။ ၎င်းကိုယ်တိုင် 'က'တဲ့အမူအရာလုပ်ပြသည်။

၎င်းအမူအရာကို သဘောမပေါက်၊ နားမလည်စွာဖြင့် ကြည့်နေသည်။

လက်မည်းကြီးသည် ဆိုင်းဝိုင်းကြီးအတွင်းကို လက်ညှိုးထိုးပြီး အမူအရာတစ်ခု ထပ်မံလုပ်ပြသည်။ ၎င်းကိုယ်တိုင်က စောစောကအတိုင်း လုပ်ပြသည်။

"ကျုပ်က ဆိုင်းတီးရမှာလား"

မေးခွန်းကို သဘောပေါက်တဲ့အနေအထားနှင့် ခေါင်းကိုအကြိမ်ကြိမ်ညိမ့်ပြသည်။

"ခင်ဗျားက 'က'မှာပေါ့"

ထိုကဲ့သို့ ညိမ့်ပြပြန်သည်။

အပမှီတယ်ဆိုတာ ဒါမျိုးလား။

သူရိန်သည် ၎င်းရဲ့အလိုအတိုင်း ဆိုင်းဝိုင်းကြီးအတွင်းက ပတ်လုံးများကို စတင်လိုက်သည်။

သူရိန်သည် သုစနုမင်းသား ဒွေးမယ်နော်လွမ်းချင်းတီးလုံးကို တီးလိုက်သည်။





လက်မည်းကြီးသည် ရွှေမန်းတင်မောင်ရဲ့ဟန်အတိုင်း ပီပြင်စွာ 'က' နေသည်။

ပတ်လုံးလေးတွေကို လက်နှင့်ထိလိုက်ရ၍ ကြောက်စိတ်များ လွင့်ပါးသလို ခံစားရသည်။

သူရိန်သည် သုစနုလွမ်းချင်းတီးကွက်ပြီးသည်နှင့် နောက်ထပ်တီးကွက်တစ်မျိုးပြောင်းလိုက်သည်။

၎င်းတီးကွက်သည် စန္ဒကိန္နရီမောင်နှံဇာတ်လာ ကိန္နရီ ကိန္နရာချောင်းခြားငိုချင်းကို တီးနေသည်။ လက်မည်းကြီးသည် ရင်ဘတ်စည်တီးငိုပါလေသည်။

တီးကွက်အရှည်ကြီးကို တီးရင်းမောပန်းလာသည်။

ပင်ပန်းလာသည်နှင့် နားချင်စိတ်များ ထွက်ပေါ်လာသည်။

လက်မည်းကြီးကတော့ မောပန်းခြင်းမရှိဘဲ 'က'နေသည်။

သူရိန်သည် ကကွက်လွမ်းချင်းများတီးပြီးနောက် စိတ်ထင်ရာကိုတီးနေသည်။

လက်မည်းကြီးသည် တက်ကြွစွာ 'က'နေသည်။ သူရိန်သည် ကြောက်ရွံ့၍သာ တီးနေပေမယ့် နားချင်စိတ်များပေါ်ပေါက်လာသည်။ ကြောက်ရတာတစ်မျိုး၊ လက်ပန်းတာကတစ်ဖုံ အစုံစုံသောအတွေးများကြောင့် တစ်ကိုယ်လုံးဇောချွေးများ ထွက်ကျနေသည်။

ထိုမျှလောက်ဆူညံအောင်တီးနေတာ မည်သူမှဝင်ရောက်လာခြင်းမရှိ။ အဖွဲ့သားတွေလည်း အိပ်မောကျနေရာက နိုးလာခြင်းမရှိအောင် ဖြစ်နေသည်။

သူရိန်စိတ်တွေ ဘယ်လိုဖြစ်နေပေမယ့် လက်မည်းကြီးကတော့ ပြုံးရွှင်စွာ 'က'နေသည်။

ထို့နောက် လက်မည်းကြီးသည် 'က'ရာမှရပ်လိုက်သည်။ အလွန်ဝမ်းသာသွားသည်။

အနားယူရမည်ဟု ထင်မှတ်နေသည်။

မောပန်းနေသည်။ လက်မည်းကြီးသည် ခြောက်လုံးပတ်မှာ ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ပြီး သူရိန်ကို 'က'ရန် ဟန်ပြသည်။

"ကျုပ် 'က'ရမယ် ဟုတ်လား"

ခေါင်းညိမ့်လိုက်သည်။

"ကျုပ်မ 'က'တတ်ဘူး"

လက်မည်းကြီးသည် ခေါင်းကို သွက်သွက်ခါ ရမ်းလိုက်သည်။ သူရိန်ရဲ့ စကားကို လက်မည်းကြီးသဘောကျဟန်မတူ။ ကြည့်နေတဲ့အကြည့်က အလွန် ကြောက်စရာကောင်းနေသည်။

လက်မည်းကြီးသည် ဒေါသမျက်လုံးများဖြင့် ကြည့်နေသည်။ ပြောတာ မရရင် တစ်ခုခုလုပ်မည့်သဘောဆောင်နေသည်။

"ကြောက်. . . ကြောက်ပါပြီ၊ က ကပါ့မယ်"

လက်မည်းကြီးသည် မြှောက်လိုက်တဲ့လက်ကို ပြန်ချလိုက်သည်။ သူရိန် ရုတ်တရက် ထရပ်လိုက်သည်။ သူရိန်ရဲ့လှုပ်ရှားဟန်ကြောင့် ပြုံးရွှင်သွားသည်။

လက်မည်းကြီးသည် ခြောက်လုံးပတ်ကို စတင်တီးနေသည်။ သူရိန်သည် စတင် 'က'နေသည်။

လက်မည်းကြီးသည် ဆိုင်းတီးရတာကို အလွန်ပျော်ရွှင်နေသည်။ လဝန်း သခင်မပြောခဲ့တဲ့စကားရှိသည်။ သူမရဲ့အဖေများက ဆိုင်းကိုအလွန်ဝါသနာ ပါသည်။

မျက်မြင်တွေ့လိုက်ရတော့ အလွန်အံ့သြနေမိ၏။ လက်မည်းကြီးသည် ဆိုင်းကို အဆက်မပြတ်တီးနေသည်။ သူရိန်သည် လိုက်'က'နေသည်။

လက်မည်းကြီးသည် ဆိုင်းပညာကို ကျွမ်းကျင်စွာ တတ်မြောက်ထား သည်ဆိုတာ သဘောပေါက်နေသည်။

သူရိန်သည် 'က'နေရပေမယ့် ကြောက်စိတ်များလွှမ်းမိုးနေသည်။ မင်းသားမဟုတ်၍'က'တတ်ခြင်းမရှိ။





လက်ချိုးခြေထိုးမတတ်ပေ။

ကြောက်ရွံ့ထိတ်လန့်နေ၍သာ 'က'နေရသည်။ မ'က'ရင်တော့ လက်မည်းကြီးက ဘာလုပ်မည်မသိပေမယ့် တစ်ခုခုလုပ်မည်ဆိုတာတော့ သိနေသည်။

သူရိန်သည် 'က'နေရပေမယ့် နားထဲမှာတော့ ဝေဿန္တရာဇာတ်တော်မှ မဒ္ဒီဒေဝီရဲ့ငိုချင်းကို ပန်တျာတင်တင်မြဆိုသံကို ကြားရသလိုဖြစ်နေသည်။

လက်မည်းကြီးသည် ဆိုင်းကိုတီးလိုက် နဲ့ကိုမှုတ်လိုက် လင်ကွင်းကိုတီး လိုက်နှင့် အလုပ်ရှုပ်နေသည်။

သူရိန်သည် 'က'ရလွန်းလို့ တစ်ကိုယ်လုံးချွေးတွေစိုရွှဲနေသည်။ ချွေးများ သုတ်ဖို့အချိန်မရအောင် ဖြစ်နေသည်။ အခန်းတစ်ခုလုံးဆူညံနေတာတောင် အဖော်တွေက အိပ်စက်ကောင်းနေသည်။ ၎င်းတို့ကို ချော့သိပ်နေသလို ထင်နေလားဟု တွေးနေမိသည်။

သူရိန်အတွက် အကြံတစ်ခုပေါ်လာသည်။

"အမလေး ကြောက်လှပါပြီဗျာ၊ ကြောက်လှပါပြီ၊ ကျွန်တော်မှိုင်းမိုက်သား တို့ သနားတော်မူလို့ နားခွင့်ပေးပါ။ ဒီလိုသာနေရရင် သေရပါတော့မယ်။ သေရပါတော့မယ်၊ ကယ်သူဝေးလို့ ဆွေးနေရပါပြီ။ အမလေး ကယ်တော် မူကြပါ"

ထိုသို့အော်ဟစ်သီဆိုပြီး သူရိန်သည ခုန်ပေါက်'က'နေသည်။ သူရိန် သည် အိပ်နေတဲ့အဖွဲ့သားတွေရဲ့ကိုယ်ပေါ် ခုန်တက်ပြီး ကနေသည်။

လက်မည်းကြီးသည် သေရာမှထပြီး ဆိုင်းတီးနိုင်ပေမယ့် အဖွဲ့သားတွေ တဖြင့် သေသည်ဆက် ငြိမ်သက်သောအိပ်စက်ခြင်းဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။ သူရိန်ဘယ်လိုမှ မတတ်နိုင်အောင် ဖြစ်နေသည်။ ကြာရင် ရင်ကွဲနာကျပြီးသေနိုင်သည်။

မျက်လုံးတွေသည် မှုံဝါးလာသည်။ ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲမြင်တွေ့


www.burmeseclassic.com

www.burmeseclassic.com



ရခြင်းမရှိအောင် ဖြစ်နေသည်။

ထို့အတူ ဆိုင်းတီးနေတဲ့ လက်မည်းကြီးသည် လူပုံစံပျက်နေသလို ထင်မှတ်နေသည်။

ခန္ဓာကိုယ်ကို သဲကွဲစွာ မြင်တွေ့ရခြင်းမရှိ။

တစ်ကိုယ်လုံးအသားအရေမရှိတော့ဘဲ အရိုးစုကြီးလို ထင်မှတ်နေသည်။ ကြောက်စိတ်များလွှမ်းမိုးနေသည်။

'က'နိုင်တဲ့စွမ်းအားတွေ ကုန်ခမ်းနေသည်။ သေပွဲဝင်ရန် နီးကပ်နေသည်။ နိုင်မာတဲ့ဆုံးဖြတ်ချက်နှင့်အတူ ဝင်ပေါက်ဆီကိုဦးတည် 'က'နေရင်း ထိုအပေါက်ဝကိုရောက်ရှိလာသည်။

သူရိန်သည် ၎င်းအပေါက်ကနေ ထွက်ပြေးနေတော့သည်။

"ဟား. . . ဟား. . . ဟား"

ကျယ်လောင်တဲ့ရယ်သံကို ကြားနေရသည်။

လက်မည်းကြီးသည် အနောက်ကလိုက်ပါလာသည်။ လူအုပ်စုနှင့်တွေ့လိမ့်မည်ဟု ထင်မှတ်နေသည်။

ဝမ်းသာသွားသည်။ ရှေ့မှာလူတစ်အုပ်တွေ့သည်။

၎င်းတို့သည် အိမ်ကြီးကိုကျော်ခိုင်းပြီးသွားနေသည်။ လူအုပ်ကြီးနှင့်တွေ့လျှင် အသက်ချမ်းသာရာရမည်။

"ဟေ့လူတွေ ကယ်ကြပါအုံးဗျာ"

အကြိမ်ကြိမ်ခေါ်နေသည်။

၎င်းတို့သည် အနောက်ကိုလှည့်ကြည့်ခြင်းမရှိ။

ရှေ့ကိုသာ ဦးတည်နေကြသည်။

သူရိန်သည် ထိုလူအုပ်ကို မှီအောင်ပြေးနေသည်။

လက်မည်းကြီးသည် အနောက်ကလိုက်ပါလာသည်။ ပတ်ဝန်းကျင်သည်





တိတ်ဆိတ်နေသည်။

သူရိန်သည် ရှေ့ကလူအုပ်ရှိရာလိုက်နေသည်။ ဘယ်လိုပင်ပြေးနေပေမယ့် လူအုပ်စုကို မှီမလိုနှင့်မမှီပေ။ ထို့အတူ လူအုပ်ကြီးသည် တဖြည်းဖြည်းနှင့် ပျောက်ကွယ်နေသည်။ ကြောက်စိတ်များက လွှမ်းမိုးနေသည်။

သူရိန်သည်ပြေးရင်းနှင့် ဘုရားစေတီငယ်တစ်ဆူကို တွေ့လိုက်ရသည်။ ဝမ်းသာသွားသည်။

"မြတ်စွာဘုရား ကယ်တော်မူပါ"

ထိုသို့ပြောဆိုပြီးပြေးနေသည်။

မိုးသည် သည်းသည်းထန်ထန် ရွာချနေသည်။

မြေတွေချောနေ၍ ထိန်းပြီးပြေးနေရသည်။ လက်မည်းကြီးက ပြေးလိုက်လာသည်။

BURMESE CLASSIC .com

သူရိန်သည် ပြေးရင်းနှင့် စေတီတော်ဘေးတွင် လဲကျသွားသည်။

"တပည့်တော်ကို ကယ်တော်မူပါ။ သရဲလက်မည်းကြီးကို တားပေးတော်မူပါဘုရား"

ကြိမ်ဖန်များစွာ တောင်းပန်နေသည်။

အလင်းရောင်တစ်ခု ဝင်ရောက်လာသလို ထင်ရသည်။

နားထဲတွင် ခြေသံတစ်ခုကြားနေရသည်။

ထို့နောက် ခြေသံသည် တဖြည်းဖြည်းနှင့်ဝေးရာကို ဦးတည်နေသည်။

ခြေသံများကို မကြားရတော့ပေ။

ငှက်ဆိုးထိုးသံ တကီးကီးကြားနေရသည်။

ထို့နောက် ဘာဆိုဘာမျှ မကြားရတော့ပေ။

ကြီးမားပိတ်သည်းတဲ့အမှောင်ထုထဲမှာ လွင့်မျောသွားတော့၏။

♣♣♣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-(၁၅)

"ကိုသူရိန် ကိုသူရိန်"

သဲသဲကွဲကွဲမကြားရတဲ့ခေါ်သံများဖြစ်သည်။

သူရိန်သည် ခေါင်းထောင်ခြင်းမရှိ၊ အိပ်မက်မက်နေသလို ထင်မှတ်နေသည်။

လက်မည်းကြီးသည် အနားမှာရှိနေသည်။ ၎င်းကိုအန္တရာယ်ပြုရန် စောင့်ဆိုင်းနေသည်။ ၎င်းကိုဘယ်လိုရင်ဆိုင်ရမလဲ။ တစ်ခုခုပြုလုပ်ရမည်။ ထိုကဲ့သို့မပြုလုပ်လျှင် အသက်သေနိုင်သည်။

၎င်းသေလို့မဖြစ်။ အသက်လောက်ချစ်ရတဲ့ဘရဏီရှိသေးသည်။ သူသာလူ့လောကမှာမရှိတော့ရင် သူမလည်း လူ့လောကမှာအသက်မရှင်တော့ဘူးဟု ပြောထားသည်။

ဘာလုပ်ရမလဲ။ စဉ်းစားနေသည်။ လက်မည်းကြီးမရှိတော့မှအေးမည်။

"ကိုသူရိန် ကိုသူရိန်. . . ထပါအုံး။ ကျွန်မပါ။ ဦးလေးကျော်ရွှေတို့လည်း ပါလာတယ်"

"ဟော့ကောင်သူရိန်"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ. . . ဦးလေးကျော်ရွှေအသံပါလား၊ စောစောက လဝန်းရဲ့အသံပဲ။ တော်သေးတယ်။ လက်မည်းကြီးမဟုတ်လို့။ ဒါနဲ့လက်မည်းကြီးကဘယ်ရောက်နေလဲ"

သူရိန်သည် မှိတ်ထားတဲ့မျက်လုံးတွေကို မသိမသာဖွင့်လိုက်သည်။ အလင်းရောင်များထွက်နေသည်။

မိုးလင်းသွားသည်ဆိုတာ သိလိုက်ရသည်။

အနားတွင် လဝန်းသခင်မနှင့်အဖွဲ့သားတွေ ရှိနေသည်။

၎င်းတို့သည် အဆက်မပြတ်ခေါ်နေသည်။

သူရိန်သည် မျက်လုံးကို အသာလေးဖွင့်လိုက်သည်။

လဝန်းသခင်မသည် နူနယ်တဲ့လက်ချောင်းများဖြင့် ဆုတ်ကိုင်လိုက်သည်။ ဘာလုပ်ရမလဲ။

"ဟာ. . . သတိရလာပြီ"

"ဟေ့ သူရိန်၊ ငါတို့ပါ ပါလာတယ်ကွာ"

"မလိုက်ဘူး၊ ကျုပ်ပြန်မလိုက်ဘူး။ လက်မည်းကြီးသရဲ"

"အဲဒီအတွက် ကျွန်မတောင်းပန်ပါတယ်။ ဒါဟာ ကျွန်မရဲ့ပေါ့ဆမှုကြောင့်ပါ။ ကျွန်မ ရှင့်ကို ညဘက်ဆိုင်းမတီးဖို့ မှာမလို့ပါ။ ရှင့်ရဲ့ကြိုးစားမှုကို လေးစားပါတယ်"

"ကျုပ်ပြန်မလိုက်ဘူး၊ လက်မည်းကြီးက. . ."

"ကျွန်မ ရှင့်ကို ပြောခဲ့တာပဲ။ သေဆုံးသူကတစ်ယောက်တည်း၊ ဒါပေမယ့် ကတိကြောင့် နှစ်ယောက်သေပြရတယ်လို့"

သူမဘယ်လိုပင်ရှင်းပြပေမယ့် သူရိန်လက်မခံတော့။

ထိုနေရာကို လိုက်သွားရင် လက်မည်းကြီးနှင့်တွေ့ရအုံးမည်။ ၎င်းတို့ကို ဘယ်လိုပုံစံနှင့် ရင်ဆိုင်ရမှာလဲ။





နောက်တစ်ခါဆိုရင် အသက်သေနိုင်သည်။ သူရိန်အတွင်းကြိတ်ငြင်းနေပေမယ့် လဝန်းသခင်မက တောင်းပန်နေသည်။

ကတိတွေ အထပ်ထပ်ပေးနေကြသည်။

ညကဖြစ်ရပ်သည် အပြေးကောင်း၍သာ. . .

နို့မဟုတ်ရင် ထိုနေ့က သူ့ရဲ့အလောင်းကို ပြန်ပြီးသယ်ယူသွားရုံတာ လွဲပြီး ဘာမှမရှိတော့။

"ကျုပ်တောင်းပန်ပါတယ် သခင်မ။ ကျုပ် အဲဒီလိုနောက်တစ်ခါမကြုံချင်တော့ဘူး။ ကျုပ် ခင်ဗျားကိုယုံပါတယ်။ ကျုပ်ရဲ့စိတ်ကို မယုံတော့ဘူးဗျာ"

"ရှင်မလိုက်နိုင်တာကို ကျွန်မနားလည်နိုင်ပါတယ်။ ရှင်သိထားဖို့က ရှင်ထင်ထားသလို မဟုတ်ဘူးဆိုတာပါပဲ"

"မှတ်ထားပါ့မယ်။ အခုလိုနားလည်ပေးတာကို ကျေးဇူးတင်ပါတယ်။ နောက်တစ်ခါ အလှူမင်္ဂလာပွဲရှိရင် ကူညီနိုင်မယ်လို့ ထင်ပါတယ်ဗျာ"

"ကဲ. . . ကျွန်မကို ခွင့်ပြုပါအုံး။ ကိစ္စလေးတွေရှိနေလို့ပါ"

"ကောင်းပါပြီ၊ စိတ်မကောင်းစွာနဲ့ နှုတ်ဆက်လိုက်ပါတယ်ဗျာ"

လဝန်းသခင်မနှင့် ကိုယ်ရံတော်ငရဲမင်းတို့ အနားက ထွက်သွားကြသည်။

သူရိန်တို့သည် ၎င်းတို့ကိုကြည့်ပြီး ကျန်ရစ်ခဲ့ကြသည်။

၎င်းတို့အဝေးကိုရောက်သွားမှ သူရိန်တို့ပြန်လာကြသည်။ သူရိန်သည် ကြုံတွေ့ခဲ့ရတာကို ပြောပြရန် တစ်ခုထပ်မံတိုးလာပေတော့သည်။

ပုဏ္ဏိတ


www.burmeseclassic.com